# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၀၇၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

### ထူးခြားသည့် ညအပူချိန်များ

(၈-၁၂-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါးမြို့ | ၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့ | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုးမြို့ | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအိုမြို့ | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်းမြို့ | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်းမြို့ | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘောမြို့ | ၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုးမြို့ | ၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |



မျိုးသက်(၇-၂၅ ရက်)တွင် ညအလင်းရောင်ပေးခြင်းဖြင့် စမ်းသပ်နေမှုကို တွေ့ရစဉ်။

## မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းစပါး ရာသီလွန်စိုက်ပျိုးနိုင်ရေး ညအလင်းပေးခြင်းဆိုင်ရာ သုတေသနလုပ်ငန်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၈

ပြည်တွင်းပြည်ပဈေးကွက်ဝင် အရည်အသွေးကောင်း မြန်မာ့ဂုဏ်ဆောင်ပေါ်ဆန်းစပါးအား မိုးရာသီကာလတွင်သာမက မုရင်းစပါး စိုက်ပျိုးချိန်ကာလများတွင်လည်း စိုက်ပျိုးနိုင်မည်ဆိုလျှင် ပေါ်ဆန်းထုတ်လုပ်မှုပိုမိုအားကောင်းလာနိုင်ပြီး အကျိုးအမြတ်ပိုမိုရရှိနိုင်မည် ဖြစ်၍ ညအလင်းပေးခြင်းနည်းပညာဖြင့် စမ်းသပ်စိုက်ပျိုးခြင်းသုတေသနလုပ်ငန်း (Photo Period Manipulation(Night Break)) ကို နိုဝင်ဘာလမှစတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်)မှ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✻

## မြန်မာ့ရွှေသမင်များ မျိုးဆက်မပြတ်စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေး

မင်းဘူး ဒီဇင်ဘာ ၈

ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ငဖဲမြို့နယ်၊ စေတုတ္တရာမြို့နယ်များ အတွင်းတွင် တည်ရှိပြီး ဧရိယာအကျယ်အဝန်း ၁၁၄၆၈၇ ဒသမ ၇၁ ဧက ကျယ်ဝန်းကာ အပူပိုင်းခြောက်သွေ့တော၊ သန်းဒဟတ်တောများကို လည်းကောင်း၊ မုန်းချောင်းနှင့် မန်းချောင်းရေဝေကုန်းတန်းများကို လည်းကောင်း ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ ၁၉၈၅ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၅ ❖




**ယနေ့ ဖတ်စရာ**

**လူ့သမိုင်းမှတ်တမ်းနှင့် နိုင်ငံရေးသဘောတရားများထဲမှ လူ့အခွင့်အရေးဆိုသည်မှာ...** ဆောင်းပါး စာ ၆

**AI အသုံးပြု၍ထုတ်လုပ်ထားသော Content များအတွက် မူပိုင်ခွင့်များ (၁)** ဆောင်းပါး စာ ၁၀

**အာဆီယံ - ကိုရီးယား ချစ်ကြည်ရေးဂျေဂျူးကျွန်းမှ ရေသူမများနှင့် သမိုင်းသင်ခန်းစာများ** ဆောင်းပါး စာ ၁၆

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကာတာနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၈

ကာတာနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစောနှင့်ဇနီး တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံရုံးတာဝန်ခံ Mr. Ahmad Ali R.A. AL-Marri နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ကာတာနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြပြီး ကာတာနိုင်ငံ သံရုံးတာဝန်ခံက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကာတာနိုင်ငံ သံရုံးတာဝန်ခံတို့သည် အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အခမ်းအနားတက်ရောက်လာကြသူများ ကာတာနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများအား ကာတာနိုင်ငံ သံရုံးတာဝန်ခံက ကာတာနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၄၂၀၀ ခန့်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု

နေပြည်တော် ဒီဇင်ဘာ ၈

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခြောက်ခုမှ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ငါးခုနှင့် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ကိုးခုကို ခွင့်ပြုပေးခဲ့သည်။



အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၂၉၅ သန်းနှင့် ကျပ် ၄၅၅၀၂ ဒသမ ၉၇၈ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၁၁၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်သုံးနှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ကုန်ထုတ် လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိုင်းဆတ်မြို့ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ဝန်ထမ်းများ၊ နည်းပြများနှင့် သင်တန်းသူများ အားတွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ လက်တွေ့လေ့ကျင့်သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ ဂါလန် ၂ သိန်းဆံ့ ရေသိုလှောင်ကန်နှင့် သင်တန်းကျောင်းမှ ဖွင့်လှစ်ထားသည့် အပ်ချုပ်ဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ကျေးရွာ ဝမ်ဟုန်- ဖာဖဲကျေးရွာချင်းဆက်လမ်းပေါ်ရှိ ၁၅၀ x ၁၃ ပေရှိ ကြိုးတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ မိုင်းတုံမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လင်းခေးမြို့နယ် နောင်လုံကျေးရွာအုပ်စု နောင်လုံကျေးရွာအဝင်လမ်း ၂ မိုင် ၂ ဖာလုံအနက် ၁ မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်မှာကြားကာ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် မိုးနဲ- ကင်တုံ- လုံစံ ကျေးရွာချင်းဆက်လမ်းတွင် ၃၀ x ၁၄ ပေ ကွန်ကရစ် တံတားတစ်စင်းတည်ဆောက်နေမှု၊ ချဉ်းကပ်လမ်းနှင့် ကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တာမွေမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် One Stop Service ဖြင့် ဆောင်ရွက်ပေး

**နေပြည်တော် ဒီဇင်ဘာ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တာမွေမြို့နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး/ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများအား ပန်းခင်းစီမံချက် အဆင့် (၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးကာ လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ် ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် မြို့နယ်ရုံး ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာရွက်စာတမ်းနှင့် စက်ပစ္စည်းကိရိယာများ လုံခြုံမှုရှိစေရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနနှင့်ပတ်သက်သည့် လက်ငင်းဦးစားပေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့အတွက် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

### ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ မြို့နယ်ဦးစီးမှူးရုံးခန်း၌ ခရိုင်နှင့် မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအား တွေ့ဆုံပြီး မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်ရေးနှင့် ရွေးကောက်ပွဲ အောင်မြင်ရေးတို့အတွက် ဆက်စပ်ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရေးမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*❊ ရှေ့ဖုံးမှ*

ပေါ်ဆန်းစပါးသည် လင်းတာတုံ့ပြန်မှုရှိသော ရာသီစပါးဖြစ်သည့်အတွက် ပုံမှန်စိုက်ပျိုးချိန်တွင် မိုးရာသီ(ဇွန်-ဩဂုတ်)လအတွင်း စိုက်ပျိုးလေ့ရှိပြီး မိုးရာသီအတွင်း ရေလွှမ်းသော လယ်မြေများ၌ ရေကျပြီးနောက်ပိုင်း စိုက်ပျိုးသော မုရင်းစပါးအဖြစ် စိုက်ပျိုးလေ့ရှိကြသည်။ ရေကျပြီးနောက်ပိုင်း စိုက်ပျိုးသောစပါးအဖြစ် စိုက်ပျိုးပါက စိုက်ချိန်နောက်ကျလျှင် အပင်ပိုင်းကြီးထွားမှုနည်းပြီး အထွက်နှုန်းကောင်းစွာ မရရှိနိုင်ကြောင်း သိရသည်။

အဆိုပါ လင်းတာတုံ့ပြန်သောစပါးမျိုးများသည် လင်းတာတိုကာလတွင် စိုက်ပျိုးပါက အပင်ပိုင်းကြီးထွားမှုထက် မျိုးပွားခြင်းအဆင့်ကို လျင်မြန်စွာပြောင်းသွားနိုင်ကာ စီးပွားဖြစ်အထွက်နှုန်းများရရှိရန် အကန့်အသတ်ရှိနိုင်သောကြောင့် အပင်ပိုင်းကြီးထွားမှုကာလကို ဆွဲဆန့်ရန်အတွက် ဆက်တိုက် အမှောင်ကာလရှည်ကို ဖြတ်တောက်ရန် ရည်ရွယ်သည့်အနေဖြင့် ညအချိန်တွင် အလင်းပေးခြင်းဆိုင်ရာ သုတေသနဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ပေါ်ဆန်းစပါးကို ပျိုးပင်အဆင့်တွင် ညမီးအလင်းပေးခြင်းဖြင့် သုတေသနပြုဆောင်ရွက်လျက်ရှိပြီး ပေါ်ဆန်းရင်စပါးမျိုးအား သုတေသနအသုံးပြုကာ စိုက်ပျိုးချိန်ကာလအဖြစ် နိုဝင်ဘာပထမပတ်၊ နိုဝင်ဘာဒုတိယပတ်၊ နိုဝင်ဘာတတိယပတ်ထားရှိကာ ညအလင်းရောင်ပေးခြင်း စမ်းသပ်ချက်နှင့် ညအလင်းရောင်မပေးခြင်း စမ်းသပ်ချက်တို့အား နှိုင်းယှဉ်စမ်းသပ်ထားကြောင်း၊ ညအလင်းရောင်ပေးခြင်း စမ်းသပ်ချက်အား ပျိုးပင်သက်တမ်း ၇ ရက်မှ ၂၅ ရက်အထိ LED (100 W) မီးလုံးများ ပျိုးပင်ပေါ်သို့ သတ်မှတ်သည့် အလင်းရောင်အတိုင်းအတာအတွင်း ကျရောက်ရန် လုံလောက်စွာ မီးထွန်းပေးခြင်းကို ည ၁၁ နာရီခွဲမှ ၁၂ နာရီခွဲအထိ ၁ နာရီခန့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညအလင်းရောင်မပေးခြင်း စမ်းသပ်ချက်အနေဖြင့် သဘာဝအတိုင်း ပုံမှန်ကြဲပက်စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးကာ အပင်ပိုင်းဆိုင်ရာ ကြီးထွားမှုနှုန်း၊ သီးနှံအထွက်နှုန်းနှင့် အထွက်နှုန်းမိတ်ဖက်များ၊ ဆန်အရည်အသွေးနှင့် အမွှေးရနံ့ပါဝင်မှုများကို နှိုင်းယှဉ်လေ့လာသုတေသနပြု ဆောင်ရွက်သွားမည်ဟု သိရပြီး ယင်းသုတေသန၏ မျှော်မှန်းချက်ရလဒ်ကောင်းများရရှိလာပါက စိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့် အသုံးချဆောင်ရွက်နိုင်ပြီး နည်းပညာပြန့်ပွားရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

*❖ ရှေ့ဖုံးမှ*

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း သဘာဝအလျောက် သမင်များ ကျက်စားနေထိုင်ကြပြီး အခြား တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအင်တိုင်းတောများ၊ ဇီဝမျိုးစုံမျိုးကွဲများလည်းရှိသည်။

သို့ရာတွင် လက်ရှိအခြေအနေ၌ နေရင်းဒေသအင်တိုင်းတောဂေဟစနစ်ပျက်စီးမှုနှင့် မြန်မာ့ရွှေသမင်မျိုးစိတ်များ လျော့ပါးလာလျက်ရှိရာ ပြန်လည်တိုးပွားဖြစ်ထွန်းလာစေရန် ထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်၍ ထိန်းသိမ်းကြရမည်ဖြစ်သည်။ နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းစီမံချက်နှင့် စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းနှစ်ရပ်တို့ကို ရေရှည်မျှော်မှန်းချက်ပန်းတိုင်များ ချမှတ်၍ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာ ရှင်သန်ကျက်စားလျက်ရှိပြီး မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ဌာနေဖွားဒေသရင်းမျိုးစိတ် မြန်မာ့ရွှေသမင်များနှင့် ၎င်းတို့၏ မှီခိုတောများအား ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ရွှေစက်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကို၏ ပြောပြချက်အရ သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။ ┆ ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၁၉
ရက်
သာ လိုတော့သည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် South East Asia Games Federation Council Meeting (SEAGF) သို့ တက်ရောက်

**ဗန်ကောက် ဒီဇင်ဘာ ၈**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်ချွန်ဘူရီနှင့် ချင်းမိုင်မြို့များတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် South East Asia Games Federation Council Meeting(SEAGF) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Grand Four Winds Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (ယာပုံ)




အစည်းအဝေးတွင် CEO SEAGF Office (H.E.Dato' Seri Chaiyapak Siriwat) က အဖွင့်အမှာစကားပြောကြားကာ ထိုင်းနိုင်ငံ ခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာနဝန်ကြီး H.E. Attha-korn Sirilatthayakorn, Minister of Tourism and Sports Thailand နှင့် South East Asia Games Federation Council ဥက္ကဋ္ဌ၊ ထိုင်းအမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ The Honourable Asst. Prof.Pimol Srivikorn တို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားကြပြီး ဆုတံဆိပ်များ ပေးအပ်သည်။

ထို့နောက် နိုင်ငံပေါင်း (၁၁) နိုင်ငံမှ အကြီးအကဲများက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးကြသည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်နှင့်အတူ ဗန်ကောက်မြို့ National Broadcasting Service of Thailand သို့ သွားရောက်ပြီး ပြိုင်ပွဲများကျင်းပနေမှုများကို MRTV, MRTV 4 နှင့် Hey Play တို့မှ သတင်းရယူထုတ်လွှင့်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး အားကစားနည်းအလိုက် ပြိုင်ပွဲယှဉ်ပြိုင်မှုသတင်းများကို မြန်မာနိုင်ငံမှ ပြည်သူများ အားပေးနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ပြသပေးနိုင်ရန် အတူတကွဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းပြည်တာဝန်ကို ထမ်းဆောင်ချိန်တွင် အရည်အသွေး၊ အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစား

**မကွေး ဒီဇင်ဘာ ၈**

ကျန်းမာရေးသိပ္ပံဘွဲ့ (၁၁/၂၀၂၅) ပထမနှစ်သင်တန်းသို့ တက်ရောက်လာကြသည့် မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများ ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ရှိ အခြေခံကျန်းမာရေး တက္ကသိုလ် (မကွေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား မောင်မယ်သစ်လွင်များ တက်ရောက်ကြသည်။ (ယာပုံ)

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) သည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အခြေခံကျန်းမာရေး ဝန်ထမ်းများကို လေ့ကျင့် မွေးထုတ်ပေးနေသည့် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော တက္ကသိုလ်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် ဝီရိယစိုက်ထုတ်၍ ကြိုးစားပန်းစား လေ့လာသင်ယူကြရန်၊ ဘာသာရပ်များကို စာတွေ့လက်တွေ့ သေသေချာချာ လေ့လာကြိုးစားသင်ယူကြရန်နှင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ချိန်တွင် အရည်အသွေး၊ အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ် ဒေါက်တာထွန်းတင်က ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ ပညာသင်နှစ်အလိုက် သင်ကြားပေးမည့်အစီအစဉ်များနှင့် ကျောင်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ သင်တန်းသား မောင်မယ်များအား အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။



**မောင်ခိုင်မင်း(ပြန်ဆက်)**

## ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်လင်လေးတိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်နေမှု ကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဒီဇင်ဘာ ၈**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့မှုများအား ပြုပြင်ပြီးစီး၍ ပြန်လည်ဖွင့်လှစ်ခဲ့သည့် လွိုင်လင်လေးတိုက်နယ်ဆေးရုံ၌ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဆေးပေးခန်း၊ သားဖွားခန်း၊ ဆေးဝါးသိုလှောင်ခန်းနှင့် ပြင်ပလူနာဌာနဖွင့်လှစ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

**အားပေးစကားပြောကြား**

ထိုသို့ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံအတွင်း မရှိမဖြစ်လိုအပ်သည့် ဆေးဝါးများနှင့် ကုသရေးလုပ်ငန်းသုံးပစ္စည်းများ ပြည့်စုံစွာထားရှိရေး ဆောင်ရွက်သွားရန်၊ ဆေးကုသမှုလုပ်ငန်းများ စနစ်တကျဖြစ်စေရေး၊ ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်မှုအဆင်ပြေစေရေး စီမံပေးသွားရန်နှင့် ဆေးရုံဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှု ရှိစေရေး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား အားပေးစကား ပြောကြားကာ အာဟာရဖြည့်စွက်စာအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် လွိုင်လင်လေးတိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရေးအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# လူ့သမိုင်းမှတ်တမ်းနှင့် နိုင်ငံရေးသဘောတရားများထဲမှ လူ့အခွင့်အရေးဆိုသည်မှာ...

**လူ့အခွင့်အရေးဟု ဆိုလိုက်သည်နှင့် လူအများစုသည် မိမိတို့၏ ရပိုင်ခွင့်နှင့် လွတ်လပ်စွာလုပ်ဆောင်ပိုင်ခွင့်တို့ကို မြင်လေ့ရှိတတ်သော်လည်း မိမိတို့၏ တာဝန်ဝတ္တရားကို မေ့လျော့နေတတ်ကြသည်။ လူသားတို့၏ သမိုင်းမှတ်တိုင်များ၊ လူသားတို့၏ နိုင်ငံရေးအတွေးအခေါ်များနှင့် လူ့အခွင့်အရေးတို့သည် ခွဲခြားထား၍မရသော၊ ဘေးဖယ်ထား၍မရသော အကြောင်းအရာများပင် ဖြစ်သည်။**

*နတ်နေကိုင်း*

လူ့အခွင့်အရေးဆိုသည်မှာ လူသားများ၏ မွေးရာပါ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ဆိုလိုခြင်းဖြစ်သည်။ လူသားတို့၏ သမိုင်းဆိုသည်မှာ စာရေးသားခြင်းကို စတင်တီထွင်အသုံးပြုခဲ့သော လူ့အဖွဲ့အစည်းမှစ၍ ယနေ့နည်းပညာ ထွန်းကားလာသည့် ခေတ်သစ်လူ့အဖွဲ့အစည်းအထိ မှတ်တမ်းတင်ထားနိုင်ခဲ့သော အချိန်ကာလကို ရည်ညွှန်းခြင်းလည်းဖြစ်သည်။ လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ ရှေးအကျဆုံးနှင့် ကျော်ကြားသော ဥပဒေမှာ ဟာမူရာဘီ ကိုဓဥပဒေ (1780 BCE ခန့်) သည် အထင်ရှားဆုံးဖြစ်သည်။

အထင်ရှားဆုံးဥပဒေမှာ **“မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး၊ သွားတစ်ချောင်းအတွက် သွားတစ်ချောင်း”** ဖြစ်သည်။ သို့သော် ဥပဒေတွင် လူတန်းစားများအပေါ် မူတည်၍ ကွဲပြားသွားခြင်းတို့ကြောင့် ဟာမူရာဘီ ကိုဓဥပဒေသည် ခေတ်သစ်လူ့အခွင့်အရေး စံနှုန်းများနှင့် ချိန်ထိုးနှိုင်းယှဉ်ပါက ကိုက်ညီမှုရှိရန် လိုအပ်သော်လည်း တရားဥပဒေစိုးမိုးရေး ( Rule of law) ၏ အစဟု ယူဆနိုင်သည်။

ယနေ့ ခေတ်သစ်လူ့အခွင့်အရေးအယူအဆများ၏ စတင်သန္ဓေတည် ပေါ်ပေါက်ခဲ့သည်မှာ ၁၈ ရာစုခန့် (ဝါ) လူသားတို့ ဉာဏ်အလင်းပွင့်သော ခေတ်၌ ဖြစ်သည်။ ၁၈ ရာစု၌ လူ့အခွင့်အရေးနှင့် ပတ်သက်၍ ထင်ရှားသော အတွေးအခေါ်ပညာရှင်များထဲမှ ထင်ရှားသူတို့မှာ- သဘာဝအခွင့်အရေးများ (Nature Rights) တို့အတွက် ဂျွန်လော့ခ် (John Locke)၊ ဂျန်ဂျက်ရူးဆိုး (Jean–Jacques Rousseau)၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုးကွယ်ခွင့်တို့အတွက် ဗိုလ်တဲအယ် (Voltaire) တို့ဖြစ်ကြသည်။ (မှတ်ချက်-၁၈ ရာစုနှင့် ၁၉ ရာစုကာလများတွင် လစ်ဘရယ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အမျိုးသားရေးဝါဒနှင့် ကွန်ဆာဗေးတစ်ဝါဒတို့ စတင်ဖွံ့ဖြိုးတိုးတက်လာခဲ့သည်)

ယနေ့မျက်မှောက်ခေတ်၌ လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အကြီးကျယ်ဆုံးနှင့် အထင်ရှားဆုံးသော သမိုင်းမှတ်တိုင်မှာ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) ပင်ဖြစ်ပါသည်။ လူ့အခွင့်အရေးအယူအဆများသည် ခေတ်အဆက်ဆက် ပြောင်းလဲလာသည်နှင့်အမျှ ပိုမို၍ နက်ရှိုင်းကျယ်ပြန့်လာခဲ့သည်။ ဤသို့ဖြင့် လူ့အဖွဲ့အစည်းအတွင်း၌ မတူညီသော လူ့အခွင့်အရေး အယူအဆပုံစံများ ဖွံ့ဖြိုးတိုးတက်လာသည်ဟု ယူဆရမည်ဖြစ်သည်။

နိုင်ငံရေးဆိုင်ရာ အတွေးအခေါ်များနှင့်စပ်လျဉ်း၍ ဖော်ပြရမည်ဆိုပါက-

**လစ်ဘရယ်ဝါဒ (Liberalism)နှင့် လူ့အခွင့်အရေး**

လစ်ဘရယ်ဝါဒ၏ အဓိကအနှစ်သာရများမှာ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် ကိုယ်ပိုင်ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ရှိပြီး လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်တွင် ပါဝင်နိုင်သူများ ဖြစ်ကြသည်။ လစ်ဘရယ်ဝါဒသည် ခေတ်သစ်လူ့အခွင့်အရေး အတွေးအခေါ်များ၏ အခြေခံအုတ်မြစ်လည်းဖြစ်၏။ လစ်ဘရယ်ဝါဒ၏ အဓိကအနှစ်သာရမှာ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို တန်ဖိုးထားခြင်းပင်ဖြစ်သည်။

**❑ ယနေ့မျက်မှောက်ခေတ်၌ လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အကြီးကျယ်ဆုံးနှင့် အထင်ရှားဆုံးသော သမိုင်းမှတ်တိုင်မှာ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights - UDHR) ပင်ဖြစ်ပါသည်။ လူ့အခွင့်အရေးအယူအဆများသည် ခေတ်အဆက်ဆက် ပြောင်းလဲလာသည်နှင့်အမျှ ပိုမို၍နက်ရှိုင်းကျယ်ပြန့်လာခဲ့သည်။ ဤသို့ဖြင့် လူ့အဖွဲ့အစည်းအတွင်း၌ မတူညီသော လူ့အခွင့်အရေးအယူအဆပုံစံများ ဖွံ့ဖြိုးတိုးတက်လာသည်ဟု ယူဆရမည်**

**❑ လစ်ဘရယ်ဝါဒ၏ အဓိကအနှစ်သာရများမှာ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် ကိုယ်ပိုင်ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ရှိပြီး လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်တွင် ပါဝင်နိုင်သူများဖြစ်ကြသည်။ လစ်ဘရယ်ဝါဒသည် ခေတ်သစ်လူ့အခွင့်အရေးအတွေးအခေါ်များ၏ အခြေခံအုတ်မြစ်လည်းဖြစ်၏။ လစ်ဘရယ်ဝါဒ၏ အဓိကအနှစ်သာရမှာ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို တန်ဖိုးထားခြင်းပင်ဖြစ်**

**ဆိုရှယ်လစ်ဝါဒ(Socialism)နှင့် လူ့အခွင့်အရေး**

၁၉ ရာစုအစောပိုင်းတွင် စက်မှုတော်လှန်ရေးကြောင့် စတင်ဖြစ်ပေါ်လာသော ဆိုရှယ်လစ်နိုင်ငံရေး အတွေးအခေါ်သည် ကွဲပြားသော ပုံစံအမျိုးမျိုးဖြင့် ကမ္ဘာတစ်ဝန်းတွင် ပျံ့နှံ့လျက်ရှိပါသည်။ ဆိုရှယ်လစ်နိုင်ငံရေး အတွေးအခေါ်၏ အဓိကအနှစ်သာရ ရည်ရွယ်ချက်များမှာ လူ့ဂုဏ်သိက္ခာနှင့် ညီညွတ်သော လူနေမှုအဆင့်အတန်းရရှိရန်၊ အလုပ်သမားများ၏ အခွင့်အရေးများ အပြည့်အဝရရှိရန်တို့ ဖြစ်ကြသည်။

**အမျိုးသားရေးဝါဒ(Nationalism)နှင့် လူ့အခွင့်အရေး**

၁၈ ရာစုနှောင်းပိုင်းကာလ ပြင်သစ်တော်လှန်ရေး (၁၇၈၉ ခုနှစ်)မှ စတင်ပေါ်ထွန်းလာခဲ့သော အမျိုးသားရေးဝါဒ၏ အဓိကအနှစ်သာရမှာ လူ့အဖွဲ့အစည်းတစ်ခု၏ သွေးစည်းညီညွတ်မှုကို အလေးထားခြင်းဖြစ်သည်။ အမျိုးသားရေးဝါဒသည် လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အပြုသဘောဆောင်သော အမျိုးသားရေးဝါဒနှင့် အပျက်သဘောဆောင်သော အမျိုးသားရေးဝါဒဟူ၍ ခွဲခြားသတ်မှတ်ရမည်ဖြစ်သည်။ အပြုသဘောဆောင်သော အမျိုးသားရေးဝါဒ(Civic Nationalism)သည် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် နိုင်ငံသားအချင်းချင်း စည်းလုံးခြင်းတို့ကို အဓိကရည်ရွယ်ထားပြီး အပျက်သဘောဆောင်သော အမျိုးသားရေးဝါဒ ( Ethnic Nationalism) သည် လူမျိုး၊ ယဉ်ကျေးမှုနှင့် ခန္ဓာကိုယ်ဖွဲ့စည်းမှုအပေါ်အခြေခံထားခြင်း၊ လူနည်းစုအပေါ်ခွဲခြားဆက်ဆံမှုကို ထင်ဟပ်စေခြင်း စသည်တို့ကြောင့် လူ့အခွင့်အရေးအယူအဆများနှင့် **“ပြဒါးတစ်လမ်း သံတစ်လမ်း”** ဖြစ်နေပါသည်။

**ကွန်ဆာဗေးတစ်ဝါဒ(Conservatism)နှင့် လူ့အခွင့်အရေး**

ကွန်ဆာဗေးတစ်ဝါဒသည် ဓလေ့ရိုးရာ၊ သမိုင်းအစဉ်အလာများကို အလေးထားခြင်း၊ ဆင့်ကဲပြောင်းလဲတိုးတက်မှုကို ဦးစားပေးခြင်း၊ လူသားတို့၏ မပြည့်စုံမှုကို အသိအမှတ်ပြုခြင်းနှင့် Utopia ခေါ် စိတ်ကူးယဉ် လူ့အဖွဲ့အစည်းကို မယုံကြည်ခြင်းတို့ဖြစ်သည်။ လူ့အခွင့်အရေးသဘောတရားနှင့် ဝိရောဓိဖြစ်စေသော အကြောင်းအရာများမှာ လွတ်လပ်စွာတွေးခေါ်ခွင့်၊ ကိုးကွယ်ခွင့်၊ သက်ဝင်ယုံကြည်ချက်များကို လွတ်လပ်စွာ ပြောင်းလဲခွင့်တို့ ဖြစ်သည်။ သို့သော် ကွန်ဆာဗေးတစ်ဝါဒသည် ခေတ်သစ်နိုင်ငံရေး အတွေးအခေါ်များထဲတွင် လစ်ဘရယ်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒတို့ပြီးနောက် တတိယ အင်အားအကြီးဆုံးနိုင်ငံရေး အတွေးအခေါ် တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

**မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် နိုင်ငံရေးအတွေးအခေါ်များနှင့် လူ့အခွင့်အရေးအခြေအနေများ**

ကမ္ဘာတွင် အင်အားကြီးနိုင်ငံရေး အတွေးအခေါ် နှစ်ခုဖြစ်သော လစ်ဘရယ်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒတို့ကို မြန်မာနိုင်ငံတွင်လည်း ကျင့်သုံးခဲ့ပါသည်။ လွတ်လပ်ရေး ရပြီးစအချိန်တွင် ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် လည်းကောင်း၊ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ဖြင့်လည်းကောင်း၊ ဆိုရှယ်လစ်လမ်းစဉ်အနေဖြင့်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီစနစ်အနေဖြင့်လည်းကောင်း ကျင့်သုံးခဲ့ပါသည်။ လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီခေတ်တွင် မြန်မာနိုင်ငံသည် တိုင်းပြည်ပြန်လည်ထူထောင်ခါစ အချိန်ဖြစ်သဖြင့် စိန်ခေါ်မှုပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ထိုခေတ်ကာလတွင်ပင် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (The Constitution of The Union of Burma)၌ နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးများကို အာမခံချက်ပေးခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းမီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်နှင့် မဲပေးပိုင်ခွင့်တို့ ရရှိခဲ့သည်။

၁၉၆၂ ခုနှစ်မှစ၍ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ၏ ဓလေ့ထုံးစံနှင့် ကိုက်ညီမှုရှိစေရန် မွမ်းမံထားသော ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးခဲ့ပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌ ပညာသင်ကြားခွင့်နှင့် ကျန်းမာရေးဝန်ဆောင်မှုများအတွက် ကောင်းမွန်သောအခြေအနေ ရှိခဲ့ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်တွင် လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ ၂၀၀၀ ပြည့်နှစ်တွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ ပါဝင်သောပုဂ္ဂိုလ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည့် လူ့အခွင့်အရေးကော်မတီတစ်ရပ် ပေါ်ပေါက်ခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) (Constitution of The Republic of The Union of Myanmar 2008) ၏ အခန်း (၈) တွင် ပုဒ်မ ၃၄၅ မှ ၃၉၀ အထိ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကိုလည်း ဖော်ပြထားသည်။ ထိုကာလမှစ၍ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများသည် တိုးတက်မှုများ စတင်ဖြစ်ပေါ်ခဲ့ပြီး ယခုမြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ပေါ်ပေါက်လာခြင်း၏ ကနဦးခြေလှမ်းအစ ဖြစ်ခဲ့သည်။

**လက်ရှိမြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ**

၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံအုပ်ချုပ်ရသော်လည်း လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အသိအမှတ်ပြုအားပေးခြင်း၊ ၂၀၂၂ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့များကို နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ကျင်းပခြင်းတို့မှာ လူ့အခွင့်အရေးကို နိုင်ငံတော်အစိုးရအနေဖြင့် မည်မျှအလေးထားကြောင်း သိမြင်နိုင်မည်ဖြစ်သည်။ ကော်မရှင်အနေဖြင့် စိန်ခေါ်မှုပေါင်းများစွာ၊ အခက်အခဲပေါင်းများစွာကို ဖြတ်ကျော်လာခဲ့သည်မှာ ၂၄ နှစ်တိုင် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ကော်မရှင်နှင့်ပူးပေါင်း၍ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရေး အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးနိုင်ကြပါရန် (၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုက်တွန်းရေးသားလိုက်ပါသည်။ ။

**၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံအုပ်ချုပ်ရသော်လည်း လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အသိအမှတ်ပြုအားပေးခြင်း၊ ၂၀၂၂ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့များကို နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ကျင်းပခြင်းတို့မှာ လူ့အခွင့်အရေးကို နိုင်ငံတော်အစိုးရအနေဖြင့် မည်မျှအလေးထားကြောင်း သိမြင်နိုင်မည်**

# နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ်သတ်မှတ်ပြီး နှစ်စဉ်ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၈**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှုအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုဝင်ဘာ ၂၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများပပျောက်ရေးနေ့အဖြစ် သတ်မှတ်ထားရှိပြီး နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ မျက်မှောက်ခေတ်တွင် ဒစ်ဂျစ်တယ်နည်းပညာ အရှိန်ပြင်းပြင်းဖြင့် တိုးတက်လာမှုပေါ် တလွဲအသုံးချကာ အင်အားနည်းပါးသူ၊ မသိနားမလည်သူများအား ပစ်မှတ်ထားပြီး လိုသလိုအသုံးပြုရန်အတွက် သားကောင်အဖြစ် ရှာဖွေလာကြကြောင်း၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုမှ ကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် (၂၄)နာရီ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသကဲ့သို့ ၂၀၂၂ ခုနှစ်မှစ၍ မည်သည့်ဖုန်းဖြင့်မဆို ၁၅၆၆ သို့ အခမဲ့သတင်းပေးပို့တိုင်ကြားနိုင်သည့်စနစ်ကို တိုးချဲ့ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုကျူးလွန်ခဲ့သော ဖြစ်ရပ်များတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အကြမ်းဖက်မှုများ ပိုမိုများပြားလာသည့်အတွက် အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အကြမ်းဖက်မှု ပပျောက်စေရေးအားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာလှုပ်ရှားမှု အသိပညာပေး Video Clip ကို ပြသပြီး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် တိုင်းဒေသကြီးလူငယ်ရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက အမျိုးသမီးနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး၊ မီဒီယာကဏ္ဍ၊ အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ၊ အမျိုးသမီးငယ်များကဏ္ဍ စသည့် ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများက ဆွေးနွေးဟောပြောခဲ့ကြသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးအတွင်း ပဌနဂိုရ်ဆိုလာရေတင်စီမံကိန်း ဆောင်ရွက်မည်

**နေပြည်တော် ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ပဌနဂိုရ်ကျေးရွာအနီးရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေဖူလုံစွာရရှိစေရေးအတွက် ပဌနဂိုရ်ဆိုလာရေတင်စီမံကိန်းလုပ်ငန်းအသစ် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်မည့်နေရာကို ဒီဇင်ဘာ ၅ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**



ထို့နောက် ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီးက ဆိုလာရေတင်စီမံကိန်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် အဆင့်အလိုက် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေပေးဝေနိုင်သည့် ဧကများ တစ်ဆင့်ချင်းတိုးတက်ရရှိနိုင်ရေး ညှိနှိုင်းစီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေရရှိလာပါက သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်သီးညှပ်စိုက်ဧကများ ပိုမိုတိုးတက် စိုက်ပျိုးစေလိုကြောင်း၊ တောင်သူအစုအဖွဲ့များ ဖွဲ့စည်း၍ မျိုးစေ့ထုတ်အဖွဲ့များ၊ ရေကိုစနစ်တကျအလေအလွင့်မရှိ သုံးစွဲတတ်စေရန်အတွက် ရေအသုံးချသူများအဖွဲ့ (WUG)များကို ဖွဲ့စည်းပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ပဌနဂိုရ်ကျေးရွာအတွင်းရှိ စိုက်ပျိုးမြေများသည် မိုးကောင်းသောက်အဖြစ် စိုက်ပျိုးနေရခြင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သီးနှံ၏ ရေလိုအပ်ချက်နှင့်အညီ မိုးရေမရရှိခြင်း၊ သီးနှံအောင်ရေအတွက် ရေလုံလောက်မှုမရှိခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းနှင့် သီးနှံအရည်အသွေး ထိခိုက်ကျဆင်းနေခြင်းအပေါ် ဧရာဝတီမြစ်မှ ရေကိုစုပ်တင်၍ သီးနှံများ စိုက်ပျိုးရေ လိုအပ်ချိန်တွင် စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ပဌနဂိုရ်ဆိုလာစနစ် ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းပြီးစီးပါက ဒေသရှိ စိုက်ပျိုးမြေဧက ၅၀၀ ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ရာ တစ်နှစ်လျှင် တစ်သီးစိုက်ပျိုးရာမှ တစ်နှစ်လျှင် သုံးသီး၊ သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မကွေးမြို့ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ညွှန်ကြားရေးမှူး)ရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မကွေးတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေရရှိရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လမ်းမတော်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။ **(အောက်ဝဲပုံ)**



အဆိုပါ အခမ်းအနားတွင် လမ်းမတော်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်ဗိုလ်မှူး ကောင်းဇော်လင်းက အမှာစကားပြောကြားပြီး လမ်းမတော်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးကျော်ထွန်းနိုင်က အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်းစုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် OSS ရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၈ ရက်က မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် တာဝန်ရှိသူများက တိုက်ဆိုင်စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တိုက်ဆိုင်စစ်ဆေးရာတွင် ဒုတိယအကြိမ် မဲစာရင်းကြေညာပြီးနောက် မဲစာရင်းတွင် ပါဝင်ခြင်းမရှိသဖြင့် ပုံစံ(၃)၊ ပုံစံ(၄)နှင့် ပုံစံ၄(က) လျှောက်ထားသူများအား ၎င်းတို့လျှောက်ထားသည့် လျှောက်လွှာပါအချက်အလက်များနှင့် ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးရှိ Sever ဖြင့် တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သွင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းထွန်းကျော်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ) ၂၂၁



# ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ ရွှေကင်းအခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ်ဖွင့်

**ဘားအံ ဒီဇင်ဘာ ၈**

ဒီဇင်ဘာ ၁၉ ရက်တွင်ကျရောက်မည့် ကရင်သက္ကရာဇ် (၂၇၆၅) ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် ရွှေကင်း အခြေခံပညာမူလတန်းကျောင်း၌ ပေ (၆၀ x ၃၀) RCC တစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနား ကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းဆောင်သစ် ရှေ့၌ ကျင်းပသည်။

ရွှေကင်းအခြေခံပညာ မူလတန်းကျောင်း၌ တိုးပွားလာသည့် ကျောင်းသားဦးရေနှင့်အညီ ကျောင်းဆောင်လိုအပ်ချက်အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာ နှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၁၅၂ ဒသမ ၅၇၇ ကျပ်သန်းဖြင့် တစ်ထပ်ကျောင်းဆောင်သစ်ကို တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကျောင်း ဆောင်သစ်အား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ **(အပေါ်ယာပုံ)** ဖွင့်ပွဲတွင် ပါဝင်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွား နှင့်ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်သည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက် လာသူများက ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်း ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ကျောင်းဆောင်သစ်နှင့် ပညာရေးဌာနမှဖြည့်ဆည်း ပေးထားသော ပရိဘောဂပစ္စည်းများ၊ သင်ထောက်ကူ ပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိ/မရှိ လှည့်လည် ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ်လွှဲပြောင်း ပေးအပ်ပွဲအခမ်းအနားကို အဆိုပါကျောင်းရှေ့၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာ စကားပြောကြားပြီး ကျောင်းဆောင်သစ်ကို တာဝန် ယူတည်ဆောက်သည့် Min Engineering Group Co., Ltd. မှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင် သစ်ဆိုင်ရာ စာရွက်စာတမ်းများကို ပြည်နယ်ပညာ ရေးမှူးရုံး ညွှန်ကြားရေးမှူးထံ လွှဲပြောင်းပေးအပ်၍ ကျောင်းအကျိုးတော်ဆောင် မိဘတစ်ဦးက ကျေးဇူး တင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သည် ကရင်ပြည်နယ်အတွင်း အမေရိကန်ဒေါ်လာ ၆ သန်း ရင်းနှီးမြှုပ်နှံ၍ ကရင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလုပ်ငန်း လိုင်စင်ရရှိသူများအားလုံး အတူတကွသုံးစွဲနိုင်သော ဆက်သွယ်ရေးကွန်ရက်ဘုံ အခြေခံအဆောက်အအုံစီမံကိန်းလုပ်ငန်း ဆောင်ရွက် လိုသော Amara Communications Co.,Ltd. မှ တာဝန်ရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်း အဝေးခန်းမ(၁)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် Amara Communications Co.,Ltd. မှ တာဝန်ရှိသူများက BOT စနစ်ဖြင့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံ၊ အစီအစဉ်၊ စီမံကိန်းလုပ်ငန်းတည်ဆောက်ပြီး ဝန်ဆောင်မှုပေးမည့်ဧရိယာ၊ လုပ်ငန်းအတိုင်းအတာ ပမာဏ၊ ကွန်ရက်လွှမ်းခြုံနိုင်မှုအခြေအနေများကို အဆိုပြုရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် က လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**စစ်တွေ ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန် လင်းသည် တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေ လေဆိပ်သို့ အလိုတော်ပြည့် ကျောင်းရှေ့မှ ဝင်ရောက်သည့် လမ်းကို မြေသားလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်နေမှုနှင့်အနောက် စံပြရပ်ကွက် အမှတ်(၁) စီမံကိန်း ရုံးဘေးလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)**



သတ်မှတ် စံချိန်စံညွှန်းအတိုင်း ပြည့်မီအောင် ဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးနိုင်ရေး စနစ်တကျဆောင်ရွက် သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်သည် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပနိုင်ရေး (၁/၂၀၂၅) ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးက (၇၇)နှစ် မြောက် လွတ်လပ်ရေးနေ့ ကျင်းပ ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြပြီး လုပ်ငန်းကော်မတီ အတွင်းရေးမှူးများက အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ထားရှိ မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြ ကြပြီး ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးကြသည်။

ယမန်နေ့ ညနေပိုင်းက ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများသည် စစ်တွေ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် (၅၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် တက္ကသိုလ်ပေါင်းစုံ ဂီတပဒေသာ ကပွဲသို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။

တက္ကသိုလ်ပေါင်းစုံ ဂီတ ပဒေသာကပွဲတွင် တက္ကသိုလ်အနု ပညာအသင်းများက ယိမ်းအက များဖြင့်လည်းကောင်း၊ စစ်တွေ တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် နှင့် နည်းပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက တေးသီချင်း များဖြင့်လည်းကောင်း၊ Integrated One Music Band မှ ကျောင်းသား ကျောင်းသူများက တေးသီချင်း များဖြင့်လည်းကောင်း သီဆိုကပြ ဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီး ချုပ်နှင့်ဇနီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ ကြောင်း သိရသည်။

**တင်ထွန်း( ပြန်/ဆက်)**
**ဓာတ်ပုံ - ဝင်းမင်းစိုး**

❖ *ကျောဖုံးမှ*

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ထိုင်း နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော် ဇော်စိုး၊ စစ်သံမှူး ဗိုလ်မှူးချုပ် ဝင်းသူလင်း၊ ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ အပါအဝင် အားကစားဝါသနာရှင် ပရိသတ်အင်အား ၃၁၆၆ ဦးခန့် တစ်ခဲနက် ကြည့်ရှုအားပေးကြ သည်။

ပွဲစဉ်ပထမပိုင်း ၄၅ မိနစ်တွင် ဦးဆောင်ဂိုး ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ ပြီး ၂၆ မိနစ် ၃၉ စက္ကန့်တွင် မြန်မာ အသင်းမှ ကျောနံပါတ် ၈ စန်းသော် သော်က ဦးဆောင်ဂိုးအား သွင်းယူ ခဲ့ပြီး ၃၅ မိနစ် ၂၉ စက္ကန့်တွင် မြန်မာ အသင်းမှ ကျောနံပါတ် ၁၃ တိုက်စစ် မှူး မေထက်လူက ဒုတိယဂိုးအား ထပ်မံသွင်းယူခဲ့ရာ မလေးရှား အသင်းက ချေပဂိုးပြန်လည်ရရှိ ရေးနှင့် မြန်မာအသင်းက အနိုင် ဂိုးများ ထပ်မံသွင်းယူနိုင်ရေးတို့ အတွက် အကြိတ်အနယ်ယှဉ်ပြိုင် ကစား၍ ပထမပိုင်း ၄၅ မိနစ်အပြီး အချိန်ပို ၅ မိနစ်အထိ ဆက်လက် ယှဉ်ပြိုင်ကစားခဲ့သည်။

ဆက်လက်၍ ဒုတိယပိုင်း ၄၅ မိနစ်ကို ယှဉ်ပြိုင်ကစားကြရာ ၆၅ မိနစ် ၄ စက္ကန့်တွင် မြန်မာ အသင်းမှ ကျောနံပါတ် ၇ ဝင်းသီရိ ထွန်းက မြန်မာအသင်းအတွက် တတိယမြောက်အနိုင်ဂိုးကို ထပ်မံ သွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲပြီးဆုံးချိန် တွင် မြန်မာအသင်းက မလေးရှား အသင်းကို သုံးဂိုး - ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီး ဘောလုံး အသင်းသည် အမျိုးသမီးဘောလုံး ပြိုင်ပွဲအုပ်စု(ခ)တွင် ဖိလစ်ပိုင်၊ မလေးရှားနှင့် ဗီယက်နမ်အသင်း တို့နှင့် အုပ်စုအတူကျရောက်ပြီး မြန်မာအသင်းအနေဖြင့် ဒီဇင်ဘာ ၅ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုး ဖြင့်လည်းကောင်း၊ **(ယနေ့)**ဒီဇင်ဘာ ၈ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားမှုတွင် သုံးဂိုးပြတ် ဖြင့်လည်းကောင်း အသီးသီးအနိုင် ရရှိခဲ့ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် မြန်မာအသင်း၏ တတိယပွဲစဉ် အဖြစ် ဗီယက်နမ်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **သတင်းစဉ်**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**



ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၌ ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။

❑ *ကျောဖုံးမှ*

ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်မဲများ ဆက်လက်ပေးနိုင်ရေးအတွက် ကျန်ရှိသောရုံးများ အနေဖြင့် သတ်မှတ်နေ့ရက်များအထိ မဲရုံများဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြိုင်ပွဲဝင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ၊ အကောင်းဆုံးကြိုးစားပြီး နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်တွေရယူပြီး ပြန်လာပါမယ်

**မသဲအိဖြူ ၊ ကျွမ်းဘားအားကစားသမား**


ဦးကျော်မိုး


ဦးညီညီလတ်


ဦးဆောင်ဆောင်စိန်


ဦးကျော်ဇေယျ


ဒေါ်ကြည်ကြည်အေး


မောင်ဇော်လင်းထက်


မအေးငြိမ်းထူး


မသဲအိဖြူ


မသူဇာအောင်


မောင်ထက်အောင်အောင်

ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ နိုင်ငံကိုယ်စားပြု အားကစားသမားများသည် သက်ဆိုင်ရာအားကစားနည်းလိုက် ပါဝင်ယှဉ်ပြိုင်ရန်အတွက် နိုဝင်ဘာ ၃၀ ရက်မှစတင်၍ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ထိုင်းနိုင်ငံသို့ သွားရောက်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံကိုယ်စားပြု အားကစားနည်းများဖြစ်သည့် တိုက်ကွမ်ဒို၊ လက်ဝှေ့၊ ဖူဆယ်(အမျိုးသား)၊ ဘတ်စကက်ဘော၊ ဘော်လီဘော (အမျိုးသမီး)၊ရေကူး၊ကျွမ်းဘားအားကစားသမားများ သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့လည်းကောင်း၊ ဘိလိယက်/စနူကာ၊ ဂေါက်သီး၊ Teqball အားကစားသမားများသည် ထိုင်းနိုင်ငံ ချွန်ဘူရီမြို့သို့လည်းကောင်း၊ ပီတန်း၊ ကဘာဒီအားကစားသမားများသည် ထိုင်းနိုင်ငံ ဆွန်ခလာမြို့သို့လည်းကောင်း သက်ဆိုင်ရာ အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များ ရရှိရေး ကြိုးပမ်းကာ ပါဝင်ယှဉ်ပြိုင်သွားကြမည့် မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ၏ ရင်တွင်းစကားသံများကို စုစည်းဖော်ပြလိုက်ရပါသည် -

**မောင်ဇော်လင်းထက်**
**တိုက်ကွမ်ဒိုအားကစားသမား**

ကျွန်တော်က လက်ရွေးစင်အားကစားသမား ၂၀၁၆ ခုနှစ်ကတည်းက စဖြစ်ခဲ့တာပါ။ ဆုအနေနဲ့က မလေးရှားဆီးဂိမ်းမှာ တတိယဆု ရရှိခဲ့ပါတယ်။ ဗီယက်နမ်ဆီးဂိမ်းမှာ တတိယဆု ရရှိခဲ့ပါတယ်။ တိုက်ကွမ်ဒိုအမျိုးအစား ကီလို ၈၀ အောက်မှာ ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ အခုပြိုင်ပွဲမှာတော့ ရွှေတံဆိပ်ဆုရရှိအောင် ကြိုးစားသွားပါမယ်။

**မအေးငြိမ်းထူး**
**လက်ဝှေ့ အားကစားသမား**

၂၀၂၄ ခုနှစ် ၆ လပိုင်းကတည်းက နေပြည်တော် လေ့ကျင့်ရေးကွင်းမှာ လေ့ကျင့်ရေးတွေကို နေ့စဉ် ဆောင်ရွက်ထားပါတယ်။ အခု ထိုင်းနိုင်ငံမှာကျင်းပမယ့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အဆင်သင့်ဖြစ်နေပါပြီ။ အခုပြိုင်ပွဲအတွက် အကောင်းဆုံးဆုရရှိအောင် ကြိုးစားသွားပါမယ်။

**မသဲအိဖြူ**
**ကျွမ်းဘားအားကစားသမား**

ပြိုင်ပွဲအမျိုးအစားက သုံးမျိုးဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် အကောင်းဆုံးကြိုးစားပြီး လေ့ကျင့်ပြင်ဆင်ထားပါတယ်။ နည်းပြဆရာမတွေကလည်း အကောင်းဆုံး ပံ့ပိုးပြီး လေ့ကျင့်ပေးပါတယ်။ ပြိုင်ပွဲဝင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ အကောင်းဆုံးကြိုးစားပြီး နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်တွေရယူပြီး ပြန်လာပါမယ်။

**မသူဇာအောင်**
**ဘော်လီဘောအားကစားသမား**

ကျွန်တော်တို့ ခြောက်လတာအတွင်း တစ်စုတစ်စည်းတည်း အကုန်လုံး စနစ်တကျနဲ့ လေ့ကျင့်မှုတွေ ဆောင်ရွက်ထားပါတယ်။ ဆရာတွေရဲ့သင်ကြားမှုအောက်မှာ စည်းကမ်းရှိရှိပြင်းပြင်းထန်ထန် လေ့ကျင့်မှုတွေ သေချာဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်က လိုအပ်ချက်တွေကို အဓိကထား လေ့ကျင့်ခဲ့ပါတယ်။ ကျွန်တော်တို့နဲ့ယှဉ်ပြိုင်မယ့် ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ ဗီယက်နမ်နဲ့ အင်ဒိုနီးရှားအသင်းတွေက လက်ရည်ကောင်းတယ်၊ ဒါကြောင့် ဒီအသင်းတွေကို ယှဉ်ပြိုင်အနိုင်ရရှိဖို့ အားထည့်ကစားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘော်လီဘောအသင်းအနေနဲ့ နိုင်ငံအတွက် သတင်းကောင်းတွေ ယူလာနိုင်အောင် ကြိုးပမ်းသွားမှာပါ။

**ဦးအောင်ဌေး**
**ဘိလိယက်အားကစားသမား**

ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်ချိန် တစ်နှစ်ရှိခဲ့ပြီး အခုကတော့ ပြိုင်ပွဲဝင်ဖို့အတွက် အဆင်သင့်ဖြစ်နေပါပြီ။ ဒီဇင်ဘာ ၁၀ ရက်မှာ စတင်ယှဉ်ပြိုင်မှာပါ။ အဓိကပြိုင်ဘက်အသင်းတွေက ထိုင်းနဲ့ စင်ကာပူပါ။ အတတ်နိုင်ဆုံး နိုင်ငံအတွက် အကောင်းဆုံးကြိုးစားပြီး ယှဉ်ပြိုင်ခဲ့ပါမယ်။ ဘိလိယက်က အစဉ်အလာအရ ရွှေတံဆိပ်ရတဲ့ ကစားနည်းပါ။ ကိုယ့်ရဲ့ လက်နဲ့၊ ကံနဲ့ နှစ်ခုပေါင်းစပ်ပြီး ဒီနှစ်လည်း ရွှေတံဆိပ်ဆုထပ်ရဖို့ ကြိုးစားမှာပါ။

**မောင်ထက်အောင်အောင်**
**ကဘာဒီအားကစားသမား**

ကျွန်တော်တို့ ပြိုင်ပွဲအတွက်ပြင်ဆင်ခဲ့တာ နှစ်လကျော်၊ သုံးလလောက်ရှိပါတယ်။ နိုင်ငံခြားသား ပါကစ္စတန်နည်းပြက အကောင်းဆုံးဖြစ်အောင် လေ့ကျင့်သင်ကြားပေးထားပါတယ်။ ပြိုင်ပွဲဝင်ဖို့အတွက် အဆင်သင့်ဖြစ်နေပါပြီ။ ၁၁ ရက်မှာ အိမ်ရှင်ထိုင်းအသင်းနဲ့ ယှဉ်ပြိုင်ရပါမယ်။ ၆ သင်းပတ်လည် ကစားရမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူအပါအဝင် အခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ကစားရပါမယ်။ ပြိုင်ပွဲတိုင်းမှာ ရေကုန်ရေခန်းကစားသွားပြီး ဆုတံဆိပ်ရအောင် ကြိုးစားခဲ့ပါမယ်။

**ဦးကျော်မိုး**
**တိုက်ကွမ်ဒိုနည်းပြချုပ်**

(၃၃)ကြိမ်မြောက် ထိုင်းနိုင်ငံမှာကျင်းပမယ့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ၂၀၂၄-၂၀၂၅ အမျိုးသားအားကစားပွဲတော်နဲ့ ၂၀၂၅ ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲတွေမှာ ထူးချွန်ထက်မြက်တဲ့ ပြည်တွင်းအားကစားသမားတွေကို ရွေးချယ်ခဲ့ပါတယ်။ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြတဲ့ လက်ရွေးစင်အားကစားသမားတွေနဲ့ ပူးပေါင်းပြီး ၂၀၂၅ နှစ်စပိုင်း ပထမပတ်ကနေ ဒီဇင်ဘာလအထိ လေ့ကျင့်ပြီး ဒီထဲကမှ အားကစားသမားတွေကို ရွေးချယ်ခဲ့တာပါ။ အခုဆို ပြိုင်ပွဲဝင်အားကစားသမား ၁၆ ဦး၊ နည်းပြအုပ်ချုပ်သူ ငါးဦး စုစုပေါင်း ၂၁ ဦး ပါဝင်ပါတယ်။ ပြိုင်ပွဲက အတိုက်အားကစားနည်း၊ ကာကွယ်အားကစားနည်းနှစ်မျိုး ယှဉ်ပြိုင်ရမှာဖြစ်ပြီး အတိုက်အားကစားနည်းမှာ အမျိုးသားဝိတ်တန်း ၅ တန်း၊ အမျိုးသမီး ဝိတ်တန်း ၄ တန်း၊ ကာကွယ်အားကစားနည်း သုံးမျိုးရှိပြီး အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲ ယှဉ်ပြိုင်ကြပါမယ်။ အကောင်းဆုံး အောင်နိုင်ဆုရအောင် လေ့ကျင့်ပေးထားပါတယ်။

**ဦးညီညီလတ်**
**လက်ဝှေ့အားကစား အုပ်ချုပ်သူ**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွေမှာ လက်ဝှေ့ကစားနည်း အတွေ့အကြုံရှိပါတယ်။ ဆုတံဆိပ်တွေရရှိမယ့် အလားအလာရှိတဲ့ အားကစားတွေကို ရွေးချယ်လေ့ကျင့်ပေးပြီး သွားရောက်ယှဉ်ပြိုင်ဖို့ ဆောင်ရွက်ထားပါတယ်။ အုပ်ချုပ်သူ တစ်ဦး၊ နည်းပြကတော့ ကျား တစ်ဦး၊ မ တစ်ဦးပါဝင်ပြီးတော့ အားကစားသမား ကိုးယောက် စုစုပေါင်း ၁၂ ယောက် သွားမှာပါ။ ဒီဇင်ဘာ ၁၀ ရက်ကနေ ၁၉ ရက်အထိ ယှဉ်ပြိုင်ကြရမှာဖြစ်ပြီး ဆုတံဆိပ်ရရှိအောင် ကြိုးစားကြမယ့် အားကစားသမားတွေ ဖြစ်ပါတယ်။

**ဒေါ်ကြည်ကြည်အေး**
**အမျိုးသမီး ဘော်လီဘောအသင်း အုပ်ချုပ်သူ**

ကျွန်မတို့အဖွဲ့က ၄ လပိုင်းကတည်းကစပြီး စခန်းသွင်းလေ့ကျင့် ပြင်ဆင်ထားပါတယ်။ အားကစားသမား ၁၂ ဦး၊ နည်းပြ နှစ်ဦး၊ အုပ်ချုပ်သူ တစ်ဦး စုစုပေါင်း ၁၅ ဦးရှိပါတယ်။ အုပ်စုပွဲမှာ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်တို့နဲ့ ယှဉ်ပြိုင်သွားရမှာပါ။ ပြိုင်ဘက်အသင်းတွေကို လေ့လာပြီးတော့ အားသွန်ခွန်စိုက် ကြိုးစားထားပါတယ်။ အမျိုးသမီး ဘော်လီဘောအသင်းအနေနဲ့ အစွမ်းကုန်ကြိုးစားပြီး ဆုတံဆိပ်တွေနဲ့အတူ ပြန်လာပါမယ်။

**ဦးဆောင်ဆောင်စိန်**
**ဘိလိယက်/စနူကာနည်းပြ**

ကျွန်တော်တို့ ဘိလိယက်/စနူကာ အားကစားသမားတွေကို စခန်းသွင်းလေ့ကျင့်ပေးခဲ့တာ ၆ လခန့်ရှိပါပြီ။ အခုပြိုင်ပွဲမှာ ဘိလိယက်အားကစားသမား သုံးဦးနဲ့ စနူကာ အားကစားသမား သုံးဦး စုစုပေါင်း ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ပါမယ်။ အခု သွားတာက အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမား ၁၂ ဦး ပါဝင်ပြီး ဘိလိယက်/စနူကာ အမျိုးအစားအားလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်ပါမယ်။ ရွှေတံဆိပ်ဆုရအောင် အကောင်းဆုံးကြိုးစားသွားပါမယ်။

**ဦးကျော်ဇေယျ**
**ကဘာဒီအားကစားအသင်း အုပ်ချုပ်သူ**

အခု ကဘာဒီအားကစားနည်းက တစ်ဦးနဲ့တစ်ဦး တွန်းတိုက်၊ ချုပ် စတဲ့ လျင်မြန်မှုနဲ့ကစားရတဲ့ အားကစားဖြစ်တဲ့အတွက် ပြေးခုန်ပစ်အားကစားသမားတွေကို အများဆုံးရွေးချယ်ခဲ့ပါတယ်။ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား ဆီးဂိမ်းပွဲတွေကို လေ့လာထားပါတယ်။ ဒီအတွေ့အကြုံတွေနဲ့ပေါင်းစပ်ပြီး နိုင်ငံခြားနည်းပြသက်တမ်းက ၃၅ နှစ်ရှိပြီဖြစ်ပြီးတော့ အားကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ အကောင်းဆုံးပြင်ဆင်ကြိုးစားထားပါတယ်။ ကစားသမားတွေက ၁၅ ယောက်ရှိပြီး ၃ ယောက်တွဲ၊ ၅ ယောက်တွဲကစားရမှာ ဖြစ်ပြီးတော့ ကစားသမား ၁၅ ယောက်ရွေးချယ် ဖြစ်ပါတယ်။ နည်းပြ သုံးဦး၊ အုပ်ချုပ်သူ နှစ်ဦး ပါဝင်တယ်။ ဒီဇင်ဘာ ၁၀ ရက်မှာ ပြိုင်ပွဲယှဉ်ပြိုင်ရမယ်၊ ၇ ယောက်တွဲ ကစားရမှာဖြစ်ပြီး ထိုင်းအသင်းရဲ့ ကစားသက်တမ်းက ကြာနေတော့ သူနဲ့ယှဉ်ပြိုင်ကစားရမှာ စိန်ခေါ်မှုတော့ဖြစ်ပါမယ်။ ဒါပေမယ့် ကြိုးစားအားထုတ်မှုနဲ့ ရွှေတံဆိပ်ဆုရအောင်တော့ ကြိုးစားမှာပါ။ ၁၃ ရက်ကနေ ၁၅၊ ၁၆၊ ၁၇ ရက်အထိ ၃ ယောက်တွဲယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ရအောင် ကြိုးစားသွားပါမယ်။ **ဇော်မင်းလတ်၊ သီဟ**

# AI အသုံးပြု၍ထုတ်လုပ်ထားသော Content များအတွက် မူပိုင်ခွင့်များ (၁)

မြတ်ကြေးမုံ

AI နည်းပညာကို ကဏ္ဍပေါင်းစုံ၌ တွင်တွင်ကျယ်ကျယ် အသုံးပြုလာသည့် ယနေ့ခေတ်တွင် အကြောင်းအရာ content များ ဖန်တီးထုတ်လုပ်ရာ၌ AI ကို ပုံစံတစ်မျိုးမျိုး (သို့မဟုတ်) အခြားနည်းလမ်းတစ်ခုခုဖြင့် အသုံးပြုလျက်ရှိကြသည်။ ရိုးရှင်းသည့်နည်းလမ်းဖြစ်သော Chat GPT ကိုသုံး၍ စာသားများရေးခြင်း၊ blog တစ်ခုအတွက်( သို့) ဆောင်းပါးတစ်ပုဒ်အတွက် (သို့) အီးမေးလ်များ ပေးပို့ခြင်းများအတွက် အသုံးပြုသလို အချို့ရုပ်ပုံများ ထုတ်လုပ်သကဲ့သို့ ဆန်းပြားရှုပ်ထွေးသည့် အရာများဖန်တီးရာတွင်လည်း AI ကို အသုံးပြုကြပါသည်။ ထိုကဲ့သို့ လုပ်ဆောင်မှုများအတွက် AI ကို အသုံးပြုပြီး ရေးသားထုတ်လုပ်လာသည့် အပေါ် မူပိုင်ခွင့် ဥပဒေက မည်ကဲ့သို့ သတ်မှတ်သလဲ၊ မြန်မာနိုင်ငံတွင်လည်း AI အသုံးပြု၍ ထုတ်လုပ်ထားသည့် Content များအတွက် မူပိုင်ခွင့်များကို မည်ကဲ့သို့ သတ်မှတ်ထားသလဲဆိုသည်မှာ မေးစရာ ဖြစ်လာပါသည်။

**မူပိုင်ခွင့်ကာကွယ်မှုဥပဒေ သတ်မှတ်ပြဋ္ဌာန်းရန်ဆိုသည်မှာ**

AI နည်းပညာသည် တစ်ရက်ထက်တစ်ရက် တိုးတက်ပြောင်းလဲနေသည့်အတွက် AI အသုံးပြု ရေးသားဖန်တီးမှုအပေါ် မူပိုင်ခွင့်ကာကွယ်မှုဥပဒေ သတ်မှတ်ပြဋ္ဌာန်းရန်ဆိုသည်မှာ အလွန်ပြောင်းလဲနေသည့် ဥပဒေနယ်ပယ်တစ်ရပ်ဟု ပြောရပါမည်။ နေ့စဉ်နေ့တိုင်းလိုလို နိုင်ငံအသီးသီးတွင် မတူညီသောတရားစီရင်ပိုင်ခွင့်များမှ စီရင်ထုံးအသစ်များ ထွက်ပေါ်လာလျက်ရှိနေပြီး အမေရိကန်၊ အီးယူ၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့၏ တရားရုံးများ၊ မူဝါဒချမှတ်သူများ၊ မူဝါဒရုံးများသည် အလွန်တက်ကြွသောသဘောဖြင့် ဤနယ်ပယ်အတွက် အမှန်တကယ် စိတ်ဝင်စားစွာလုပ်ဆောင်နေကြပါသည်။

တရားရုံးများက မည်သည့်အတွက်ကြောင့် အလွန်စိတ်အားထက်သန်စွာ တက်ကြွနေရသနည်းဟု တွေးမိကောင်းတွေးမိနိုင်ပါသည်။ အဆိုပါ နိုင်ငံများတွင် AI နှင့်ပတ်သက်သည့် တရားစွဲဆိုသည့် အမှုများ အများကြီးရှိနေခြင်းကြောင့် ဖြစ်ပါသည်။ အချို့သော ဂျာနယ်လစ်များ (သို့မဟုတ်) ထုတ်ဝေသူများက ၎င်းတို့ ရေးသားထုတ်ဝေထားသည့် အကြောင်းအရာများ၊ ၎င်းတို့၏ စာအုပ်များကို အသုံးပြုနေသည်ဟု AI ကုမ္ပဏီများကို တရားစွဲဆိုကြသည်။ ထိုသို့ဆိုပါက AI အသုံးပြုထုတ်လုပ်ထားသည့် အလုပ်(AI Generated work)ဆိုသည်မှာ မည်သို့နည်း။

AI မှ ထုတ်လုပ်သော လက်ရာများသည် အတော်လေး ပြည့်ပြည့်စုံစုံရှင်းပြပေးနိုင်သည်။ သို့သော် ၎င်းတို့သည် အဓိကအားဖြင့် အမျိုးအစားနှစ်ခု ကွဲပြားနေပါသည်။ တစ်မျိုးမှာ ကိုယ်ပိုင်အုပ်ချုပ်စေခိုင်းခွင့် (Autonomous) အမျိုးအစားဖြစ်ပြီး နောက်တစ်ခုမှာ အထောက်အကူပြု (Assisted Work) အမျိုးအစားဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်စေခိုင်းခွင့်ရှိသော AI ဖန်တီးထားသည့် အလုပ်ဆိုသည်မှာ အခြေခံအားဖြင့် လူသား ပါဝင်ပတ်သက်မှု မရှိသော အလုပ်ကိုဆိုလိုပါသည်။ ဥပမာအားဖြင့် chat GPT တွင် ပန်းသီးပုံတစ်ပုံကို ထုတ်လုပ်ပေးပါ (သို့မဟုတ်) ပန်းသီးစားနေသော လူသားရုပ်ပုံတစ်ခု ထုတ်လုပ်ပေးပါဟုပြောပါက ထိုအရာသည် ကိုယ်ပိုင်အုပ်ချုပ်စေခိုင်းခွင့်ဖြင့် AI ကို အသုံးပြုထုတ်လုပ်သည့် အလုပ်လက်ရာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါအလုပ်တွင် လူသားအနေဖြင့် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ခြင်းမရှိသောကြောင့်ဖြစ်သည်။ လူသားသည် အမိန့်ပေးရုံဖြင့် အလိုအလျောက်စေခိုင်းနိုင်သော AI က ထုတ်ပေးသည့်အလုပ်၏ ဥပမာတစ်ခုဖြစ်သည်။

အထောက်အကူပြု (Assisted Work) အမျိုးအစားဆိုသည်မှာ မိမိမှ AI ကို အချက်အလက်အများကြီးပေး၍ လိုချင်သော အနေအထားဖြစ်အောင် ခိုင်းစေခြင်းဖြစ်သည်။ ဥပမာ-ပန်းသီးတစ်လုံးစားနေသည့် အမျိုးသားတစ်ယောက် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေသည့်ပုံကို ကြည်လင်ပြတ်သားသည့်နောက်ခံဖြင့် လိုချင်ပါသည်၊ ထိုလူသည် လူမျိုးတစ်မျိုးမျိုးနှင့် တူသည့်ပုံဖြစ်ရပါမည်ဟု အချက်အလက်ပေးခြင်းဖြစ်ပါသည်။ အခြေခံအားဖြင့် စာရေးဆရာတစ်ဦး(သို့မဟုတ်) ထုတ်လုပ်သူတစ်ဦးအနေဖြင့် ကိုယ်ပိုင်ထည့်သွင်းမှု(Inputs) များစွာကို ပေးဆောင်ရပြီး ထွက်ပေါ်လာသောရလဒ်သည် AI မှ အကူအညီပေးသည့် အလုပ် (သို့မဟုတ်) AI ထုတ်ပေးသည့်အလုပ် (AI Generated Work)၏ ဥပမာတစ်ခုဖြစ်သည်။ ထို့ကြောင့် AI အကြောင်းပြောသည့်အခါ လုပ်ဆောင်ချက် နှစ်မျိုးရှိသည်ဟု မှတ်သားထားရမည် ဖြစ်ပါသည်။ တစ်ခုက AI သက်သက် ထုတ်လုပ်ပေးသည့် အလုပ်နှင့် AI ကို inputs များပေးပြီး ထုတ်လုပ်ခိုင်းသည့် အလုပ်တို့ဖြစ်ပါသည်။

> **မတူညီသည့်လူများကြားတွင် မတူညီသည့်အမြင်များ ရှိကြသော်ငြားလည်း ထိုကဲ့သို့ ညွှန်ကြားချက်များ၊ အချက်အလက်များကို မူပိုင်ခွင့် အကာအကွယ်ပေးရန်မဖြစ်နိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် မူပိုင်ခွင့်ဆိုသည်မှာ စာရေးဆရာ၊ မူရင်းရေးသားသူ၏ ဖန်တီးမှုလက်ရာများကို အကာအကွယ်ပေးသည့် ဉာဏပစ္စည်း မူပိုင်ခွင့်အမျိုးအစားဖြစ်သည့်အတွက် AI ကို ညွှန်ကြားသည့် ညွှန်ကြားချက်သီးသန့်သည် တီထွင်ရေးသားဖန်တီးမှု မမြောက်သည့်အတွက်ဖြစ်**

**အမှန်တကယ် သတိထားရမည့်အချက်**

အကြောင်းအရာဖန်တီးသူများနှင့် မီဒီယာတွင် အလုပ်လုပ်နေသူများအနေဖြင့် AI ထုတ်ပေးသည့် လက်ရာများနှင့်ပတ်သက်၍ အမှန်တကယ် သတိထားရမည့်အချက်မှာ မိမိတို့အလုပ်အတွက် AI ကို အားကိုးရုံသာမက မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရန်အတွက် AI ကို လုံးလုံးလျားလျား မှီခိုနေခြင်းဖြစ်သည်။ မိမိတို့လိုချင်သော နောက်ဆုံးရလဒ်ကို ထုတ်လုပ်ပေးရန်အတွက် AI ကို အမိန့်များပေးခြင်း (သို့မဟုတ်) ညွှန်ကြားချက်အချို့ပေးခြင်း (prompts) စသည်ဖြင့် လူသားထည့်သွင်းမှု အဆင့်အချို့ကို ပေး၍ အသုံးပြုလျက်ရှိနေသည်။

မူပိုင်ခွင့်ဥပဒေ (Copyright Law) ၏ အရင်းခံမူမှာ အလုပ်ကို ရေးသားဖန်တီးလုပ်ဆောင်သူမှာ လူသားတစ်ဦးသာဖြစ်သည်ဟူသော အချက်ကို အာရှ၊ အမေရိကနှင့် ဥရောပတစ်ခွင်လုံး အလုံးစုံ ကျင့်သုံးနေခြင်းကြောင့် AI မှ ထုတ်လုပ်သော လက်ရာများ၏မူပိုင်ခွင့်ကို အဓိကထား၍ ပြောကြားရမည်ဆိုပါက ရေးသားဖန်တီးမှုလက်ရာ၏ ပိုင်ရှင်သည် လူသားဖြစ်ရမည် (သို့မဟုတ်) Corporate ကော်ပိုရိတ်တစ်ခု ဖြစ်ရမည်။ ဥပမာအားဖြင့် သတင်းထောက်တစ်ဦးသည် BBC တွင် အလုပ်လုပ်သည်ဆိုပါက BBC ၏ သတင်းထောက်တစ်ဦးအဖြစ် လုပ်ဆောင်နိုင်သည့် စွမ်းရည်ဖြင့် တိကျသေချာသော အကြောင်းအရာတစ်ခုကို ထုတ်လုပ်ရာတွင် BBC ၏ အချိန်ပြည့် ဝန်ထမ်းတစ်ဦးလည်းဖြစ်ပါက ထိုအကြောင်းအရာ ထုတ်လုပ်မှု၏ မူပိုင်ခွင့်ကို BBC က ပိုင်ဆိုင်လိမ့်မည်ဖြစ်သည်။

သို့ရာတွင် အလွတ်တန်းသတင်းသမားတစ်ယောက်ဆိုပါက စာချုပ်ဆိုင်ရာ အစီအစဉ်သဘောတူညီချက်များအပေါ် အမှန်တကယ်မူတည်ပါသည်။ မူပိုင်ခွင့်ဥပဒေသည် အင်မတန် ရှင်းလင်းနေသည့်အတွက်ကြောင့် ယခုလို အခြေအနေမျိုးများတွင် လူသားပဲဖြစ်ဖြစ်၊ ကုမ္ပဏီတစ်ခုကပဲဖြစ်ဖြစ် AI အကူအညီရယူ၍ လုပ်ဆောင်သော အလုပ်များကို တွက်ချက်ရန်အတွက် မူပိုင်ခွင့်အကာအကွယ်ပေးမှုကို လွှမ်းမိုးနိုင်သော အခြားတရားစီရင်ပိုင်ခွင့်မရှိပါ။ ထိုကဲ့သို့အနေအထားမျိုးကို မည်သည့်နိုင်ငံမှာမှ ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသေးပါ။ ဥပမာအားဖြင့် အိန္ဒိယကဲ့သို့ နိုင်ငံအချို့တွင် စက်ဖြင့်ဖန်တီးထုတ်လုပ်သည့်အလုပ်များ (machine generated works) ဟု ရည်ညွှန်းလေ့ရှိသော်လည်း ဥပဒေကို ရေးဆွဲသောအခါတွင် စက် (machine) ဟူသောအသုံးအနှုန်းသည် ကွန်ပျူတာများကို အမှန်တကယ်ရည်ညွှန်းခြင်းဖြစ်ပြီး AI ကို ရည်ညွှန်းထားခြင်းမဟုတ်ပါ။

လက်ရှိတရားရုံးများတွင် ပေါ်ပေါက်နေသည့် ဥပဒေ၏ အငြင်းပွားဖွယ်နောက်တစ်ခုမှာ Paint Brush လိုမျိုး ရိုးရှင်းသည့် ဆော့ဖ်ဝဲလ် ဖြစ်ပြီး computer စတင်သုံးစွဲစဉ်အချိန်တုန်းကဆိုလျှင် Paint Brush ၏ tool တချို့ကိုသုံးပြီး ရုပ်ပုံတချို့ကို ဖန်တီးနိုင်ခဲ့ဖူးကြသည်။ ဥပမာအားဖြင့် ဂရပ်ဖစ်ဒီဇိုင်းဆွဲသည့် tool တစ်ခုခုကို သုံး၍ (သို့) Microsoft ဂရပ်ဖစ်ဒီဇိုင်းကိရိယာများနှင့် ရိုးရိုးပုံဆွဲနည်းကို အသုံးပြုပြီး ပုံတစ်ခုခုဆွဲသည်ဆိုပါက ဤအရာသည် AI မှ ထုတ်ပေးသည့်အလုပ်မဟုတ်ဘဲ ကွန်ပျူတာ(စက်)မှ ထုတ်လုပ်သည့် အလုပ်ဖြစ်ပါသည်။

**AI သည် မည်သည့်အဖွဲ့ အစည်းအတွက်မဆို မရှိမဖြစ် လိုအပ်**

ထို့ကြောင့် ဤအဆင့်သည် ဥပဒေ၌ ကွဲပြားမှုရှိသည်။ အချို့သောနိုင်ငံများတွင် စက်ဖြင့် ထုတ်လုပ်ထားသော အလုပ်များကို ရည်ညွှန်းခြင်းဖြစ်ပြီး AI မှ ထုတ်လုပ်သောအလုပ်များ မဟုတ်သည့်အတွက် ဤနေရာ၌ ရှုပ်ထွေးမှုများ ပေါ်ပေါက်လာသည်။ ယခုအချိန်တွင် AI သည် မည်သည့်အဖွဲ့အစည်းအတွက်မဆို မရှိမဖြစ် လိုအပ်သည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အကြောင်းအရာ ဖန်တီးသူများအနေဖြင့် AI သည်လည်း အဖွဲ့ဝင်အသင်းသားတစ်ယောက်ဖြစ်နေသည်။

သို့ဖြစ်၍ တရားဥပဒေ၏ အဓိကမေးခွန်းမှာ “ စာရေးသူကမည်သူနည်း ” "Who is the author? "။ AI သည် စာရေးဆရာတစ်ဦးဖြစ်နိုင်လား၊ လူသား၏ဖန်တီးနိုင်စွမ်းကဲ့သို့ စွမ်းဆောင်မှု လုံလောက်ပါသလား။ နိုင်ငံတကာအဆင့်တွင် Berne Convention ဟု ခေါ်သည့် စာချုပ်တစ်ခု ရှိပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် Berne Convention တွင် လက်မှတ်ရေးထိုးထားသူများဖြစ်ပြီး Berne Convention ၏ အာရှတိုက်အတွင်း တစ်ခုတည်းသော ခြွင်းချက်နိုင်ငံမှာ အီရန်နိုင်ငံဖြစ်သည်။ Berne Convention အောက်တွင် လူသားစာရေးဆရာ လိုအပ်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားပြီး စက်တစ်လုံးသည် စာရေးဆရာဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့်ပတ်သက်၍ မည်သို့မျှ ရည်ညွှန်းထားခြင်းမရှိပါ။ ထို့အတွက်ကြောင့် ကမ္ဘာ့နိုင်ငံများသည် ၎င်းတို့၏ ကိုယ်ပိုင် မူပိုင်ခွင့်ဥပဒေများကို ရေးဆွဲကြသည့်အခါ နိုင်ငံတကာစံနှုန်းကို လိုက်နာရသည့်အတွက် လူသားစာရေးဆရာ (သို့မဟုတ်) စာရေးဆရာဆိုပါက လူသားများကိုသာ ရည်ညွှန်းကြောင်းကိုလည်း ထည့်သွင်းရေးသားထားဖို့ လိုပါသည်။

နောက်ထပ် TRIPS Agreement (Trade Related Aspects of Intellectual Property Rights) ဟုခေါ်တွင်သော ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကဏ္ဍများကို ရောင်းဝယ်ဖောက်ကားခြင်း သဘောတူညီချက်ဆိုသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ အဖွဲ့ဝင်နိုင်ငံများအကြား သဘောတူထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က စီမံခန့်ခွဲသည့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ခုဖြစ်သည်။

**လက်ရှိအငြင်းပွားမှုများအတွက် အဓိက မေးခွန်းနှစ်ခု**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) တွင် နိုင်ငံတစ်နိုင်ငံသည် အဖွဲ့ဝင်ဖြစ်လိုပါက ၎င်းတို့သည် ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်သဘောတူညီချက်ဖြစ်သည့် TRIPS Agreement ကို လက်မှတ်ရေးထိုးရန် လိုအပ်သည်။ ထိုစာချုပ်တွင် အဖွဲ့ဝင်များ (သို့မဟုတ်) အဖွဲ့ဝင်နိုင်ငံများသည် တီထွင်ဖန်တီးမှုလက်ရာများကို ကာကွယ်ရန်လိုအပ်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။ ယခု တရားရုံးများရှေ့မှောက်နှင့် နိုင်ငံတကာပညာရှင်များရှေ့မှောက်ရှိ မေးခွန်းမှာ တီထွင်ဖန်တီးမှုလက်ရာများ ဆိုသည်မှာ မည်ကဲ့သို့နည်း။ တီထွင်ဖန်တီးမှုလက်ရာများကို စက်တစ်ခု (သို့မဟုတ်) AI က ဖန်တီးနိုင်စွမ်းရှိပါလား။ ထို့ကြောင့် လက်ရှိ အငြင်းပွားမှုများအတွက် အဓိက မေးခွန်းနှစ်ခုမှာ လူသားစာရေးဆရာဆိုသည်မှာ မည်ကဲ့သို့နည်းနှင့် တီထွင်ဖန်တီးမှုလက်ရာများဆိုသည်မှာ မည်ကဲ့သို့နည်း ဖြစ်သည်။

နိုင်ငံတကာသဘောတူစာချုပ် နှစ်ခုစလုံး ဖြစ်သည့် Berne Convention နှင့် TRIPS Agreement များတွင် AI နှင့်ပတ်သက်၍ မည်သည့် လမ်းညွှန်မှုမျှမရှိပါ။ အမှန်တကယ်တွင် စက် (Machine) များနှင့် ပတ်သက်၍လည်း လက်ရှိတွင် မည်သည့်ရည်ညွှန်းချက်မှ ကိုးကားစရာမရှိသေးပါ။ ထို့ကြောင့် ယခု ကိုးကားပြောဆိုနေခြင်းသည် စက် (Machine) အတွက် မူပိုင်ခွင့်ပိုင်ရှင်များဟု ပြဋ္ဌာန်းချက် အချို့ရှိသည့် နိုင်ငံများအကြောင်းဖြစ်ပြီး အဆိုပါ နိုင်ငံများသည်လည်း သူတို့၏ မူပိုင်ခွင့်ဥပဒေကိုခေတ်နှင့်အညီ ပြောင်းလဲလိုက်ခြင်းကြောင့် ဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

သို့ရာတွင် အဆိုပါနိုင်ငံတကာသဘောတူစာချုပ်နှစ်ခု (Berne Convention နှင့် TRIPS Agreement) သည် စက်တစ်လုံးသည် စာရေးဆရာဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့်ပတ်သက်၍ မည်သို့မျှ ရည်ညွှန်းအဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိပါ။ သို့ဖြစ်ပါက အမေရိကန်ပြည်ထောင်စု၏ မူပိုင်ခွင့်နှင့် ပတ်သက်သည့် လက်ရှိအခြေအနေမှာ မည်ကဲ့သို့နည်း။ အမေရိကန်ပြည်ထောင်စုတွင် မူပိုင်ခွင့်ကို စီမံခန့်ခွဲသည့် အခြေခံအဖွဲ့အစည်းဖြစ်သည့် US မူပိုင်ခွင့်ရုံးဟု လူသိများသည့် ၎င်းတို့၏ မူပိုင်ခွင့်ရုံးမှ မူဝါဒစာတမ်းနှစ်စောင်ထုတ်ပြန်ခဲ့ပါသည်။ မူပိုင်ခွင့်နှင့် ပတ်သက်သည့် အဆိုပါမူဝါဒစာတမ်းနှစ်စောင်တွင် လူသား၏စာရေးသားဖန်တီးမှု လိုအပ်ကြောင်းနှင့် AI တစ်ခုတည်း ဖန်တီးထားသည့်အလုပ်ကို မူပိုင်ခွင့် အကာအကွယ်မပေးနိုင်ကြောင်း မူပိုင်ခွင့်ရုံးက ရှင်းလင်းထားပါသည်။ ထို့ကြောင့် အခြေခံအားဖြင့် ၎င်းတို့ပြောလိုသည်မှာ AI အသုံးပြုထုတ်လုပ်ထားသည့် လက်ရာများကို အမေရိကန်နိုင်ငံ (US) မူပိုင်ခွင့်ဥပဒေအောက်တွင် အကာအကွယ်မပေးနိုင်ကြောင်း ပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။

### US မူပိုင်ခွင့်ရုံးတွင် ခေတ်မီဆန်းပြားသည့် ဆော့ဖ်ဝဲလ်များရှိ

AI မှ တစ်စုံတစ်ရာ ရယူပါက ဥပမာ - တစ်ဦးတစ်ယောက်သည် presentation များ တင်ဆက်ရန်အတွက် အဆင်သင့်လုပ်ထားသည့် free version presentation AI ဖြစ်သည့် Gemini AI ကို အသုံးပြုရန်ရယူပါက ယင်းအပေါ်တွင် ရေစာထည့်ထားသည့်အတွက် ရေစာကို ဖယ်ရှားရမည်ဖြစ်သည်။ အကယ်၍ အစွမ်းထက်သော ကိရိယာအချို့ကို အသုံးပြု၍ (သို့မဟုတ်) အစွမ်းထက်သော အင်ဂျင်နီယာအချို့က အဆိုပါရေစာများကို ဖယ်ရှားပြီး မိမိ၏တင်ဆက်မှုကို ကိုယ်ပိုင်ဖန်တီးမှုအဖြစ် အမေရိကန် မူပိုင်ခွင့်ရုံးတွင် မူပိုင်ခွင့်လျှောက်ထား၍ မှတ်ပုံတင်ပါက ယင်းကို ငြင်းပယ်မည်ဖြစ်ပါသည်။ US မူပိုင်ခွင့်ရုံးက ၎င်းသည် AI မှ ထုတ်ပေးသည့် လက်ရာအလုပ်တစ်ခုလား၊ ကိုယ်တိုင်ဖန်တီးထားသည့် အလုပ်လားဆိုသည်ကို မည်ကဲ့သို့သိနိုင်မည်နည်းဟု မေးခွန်းမေးစရာ ရှိပါသည်။ ပြောနိုင်သည်ကတော့ US မူပိုင်ခွင့်ရုံးတွင် တကယ်ကို ခေတ်မီဆန်းပြားသည့် ဆော့ဖ်ဝဲလ်များ ရှိသည်ဟု ပြောနိုင်ပါသည်။ US မူပိုင်ခွင့်ရုံးသည် မည်သည့် အမျိုးအစားကိုမဆို AI ဖြင့် ဖန်တီးထုတ်လုပ်ထားသည်(သို့) အမှန်တကယ် လူသားများ၏ မူရင်းလက်ရာများဖြစ်သည်ကို ခွဲခြားနိုင်သည့် ပစ္စည်းကိရိယာစက်ပစ္စည်းများ အစုံအလင်တပ်ဆင်ထားပါသည်။

ယနေ့ အမေရိကန်မူပိုင်ခွင့်ရုံးသည် မူပိုင်ခွင့်မှတ်ပုံတင်ခြင်း လျှောက်ထားသူ မည်သူအတွက်မဆို လျှောက်လွှာတင်သည့် စနစ်တစ်ခုကို အမှန်တကယ် မိတ်ဆက်ပေးခဲ့ပြီး ထိုစနစ်မှာ မူပိုင်ခွင့်လျှောက်ထားသည့် လုပ်ငန်းလက်ရာကို ဖန်တီးရန်အတွက် AI ကိရိယာများကို အသုံးပြုထားခြင်းရှိ/မရှိ မဖြစ်မနေဖော်ပြရန် တောင်းဆိုထားသည်။ အကယ်၍ တစ်စုံတစ်ဦးက Amazon ebooks များကို ရေးသည်ဆိုပါက Amazon ပင်လျှင် အထူးသဖြင့် Amazon Kindle သည် e-books များ ဖန်တီးရန် (သို့မဟုတ်)အကြောင်းအရာများ ဖန်တီးရန်အတွက် AI ကိရိယာများကို အသုံးပြုထားခြင်း ရှိ မရှိ မဖြစ်မနေထုတ်ဖော်ရမည့်မူဝါဒ ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုတွင် AI စနစ်နှင့် ပတ်သက်နေသည့် အင်ဂျင်နီယာဆိုင်ရာ အချေအတင် ဆွေးနွေးစရာမေးခွန်းတစ်ခုလည်း ရှိနေပါသည်။ ဥပမာအားဖြင့် လူတော်တော်များများက ယနေ့ခေတ်တွင် AI စနစ်၏ လုပ်ဆောင်ချက်များ လုပ်ဆောင်ပေးရန် ညွှန်ကြားချက်များ၊ အချက်အလက်များပေး၍ ခိုင်းစေခြင်းများ ပြုလုပ်ကြသည့်အတွက် အဆိုပါညွှန်ကြားချက်များကို မူပိုင်ခွင့် ဥပဒေအောက်မှာ အကာအကွယ်ပေးနိုင်မလားဆိုသည့်မေးခွန်း ဖြစ်ပါသည်။

မတူညီသည့် လူများကြားတွင် မတူညီသည့် အမြင်များရှိကြသော်ငြားလည်း ထိုကဲ့သို့ ညွှန်ကြားချက်များ၊ အချက်အလက်များကို မူပိုင်ခွင့် အကာအကွယ်ပေးရန်မဖြစ်နိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် မူပိုင်ခွင့်ဆိုသည်မှာ စာရေးဆရာ၊ မူရင်းရေးသားသူ၏ ဖန်တီးမှုလက်ရာများကို အကာအကွယ်ပေးသည့် ဉာဏပစ္စည်းမူပိုင်ခွင့် အမျိုးအစားဖြစ်သည့်အတွက် AI ကို ညွှန်ကြားသည့် ညွှန်ကြားချက်သီးသန့်သည် တီထွင်ရေးသားဖန်တီးမှုမမြောက်သည့်အတွက်ဖြစ်ပါသည်။

### တီထွင်ဖန်တီးနိုင်မှု အဆင့်ရှိရန် လိုအပ်

မူပိုင်ခွင့်ဥပဒေသည် မူရင်းတီထွင်ဖန်တီးမှုကိုသာ အမှန်တကယ် ကာကွယ်ပေးထားသည့်အတွက် Chat GPT ကို ပေးလိုက်သည့် ညွှန်ကြားချက် prompts သည် ရှည်လျားပြီး အဓိပ္ပာယ်က အလွန်ဆန်းသစ်နေသော်ငြားလည်း လုပ်ဆောင်ချက်များက စက်မှုနည်းပညာ အလွန်ဆန်သည့်အတွက် မူပိုင်ခွင့်အကာအကွယ် မရနိုင်ကြောင်း တွေ့ရှိရသည်။ နောင်နှစ်ပေါင်း များစွာကြာပြီးနောက် အချို့တရားစီရင်ပိုင်ခွင့်များတွင် စက်မှုနည်းပညာအလွန်ဆန်သည့်လုပ်ငန်းကိုပင် စတင်အကာအကွယ်ပေးကောင်း ပေးလာနိုင်သော်လည်း မူပိုင်ခွင့်ဥပဒေ၏အရင်းခံမှုမှာ ယခုအချိန်အထိ တီထွင်ဖန်တီးနိုင်မှု အဆင့်ရှိရန် လိုအပ်ပါသည်။

ယခုအခါ တရုတ်နိုင်ငံသည် အာရှ၏ထိပ်တန်းတရားစီရင်ပိုင်ခွင့် အာဏာများထဲမှ တစ်ခုဖြစ်လာပြီး AI နှင့်ပတ်သက်၍ ဦးဆောင်နေသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် AI မှဖန်တီးထုတ်လုပ်ပေးသော လက်ရာများနှင့် ပတ်သက်၍ မူပိုင်ခွင့်ကာကွယ်မှုဆိုင်ရာ ဆွေးနွေးမှုများစွာ ပြုလုပ်လျက်ရှိနေသည်။ ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၌ ပေကျင်းအင်တာနက်တရားရုံးတစ်ခုက AI ဖြင့် ရေးသားထုတ်လုပ်သည့် ဆောင်းပါးအား မူပိုင်ခွင့် အကာအကွယ်ပေးခဲ့ဖူးသည်။ ထို့ကြောင့် တရုတ်တရားရုံးများက AI မှ ထုတ်လုပ်ထားသည့် လက်ရာများအပေါ် မူပိုင်ခွင့်ကာကွယ်မှုအား အသိအမှတ်ပြုရန် အလွန်တိုးတက်နေသည် (သို့မဟုတ်) အလွန်ပွင့်လင်းသည်ဟု ပြောနိုင်သည်။ မကြာသေးမီ ၂၀၂၃ ခုနှစ်တွင်လည်း ပေကျင်းရှိ အခြားတရားရုံးတစ်ခုက AI ထုတ်ပေးသည့် ပုံရိပ်ကို အကာအကွယ်ပေးထားမှု ထပ်မံဖြစ်ပွားခဲ့ပါသည်။

ထို့ကြောင့် အမေရိကန်နိုင်ငံနှင့် အာရှနိုင်ငံများ၏ ကွဲပြားခြားနားမှုမှာ အလွန်ကြီးမားပြီး အာရှ (သို့မဟုတ်) အာရှပစိဖိတ်ဒေသ၏ အခြေအနေသည် တစ်နှစ် သို့မဟုတ် နှစ်နှစ်အတွင်း လျင်မြန်စွာ ပြောင်းလဲသွားနိုင်သည်ကို မည်သူမှ မပြောနိုင်ကြပါ။ အခြေခံအားဖြင့် တရုတ်နိုင်ငံတွင် AI မှ ထုတ်လုပ်သော လုပ်ငန်းများကို အထူးပြုထိန်းချုပ်သည့် ဥပဒေမရှိသေးသော်လည်း တရားရုံးက အလွန်တိုးတက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လက်ခံလိုက်ခြင်းဖြစ်သည်။ အဆိုပါ မူပိုင်ခွင့် လျှောက်ထားသူများက တရုတ်နိုင်ငံ၏ အမျိုးသားမူပိုင်ခွင့် အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည့် National Copyright Administration - NCA ထံ အဆိုပါလုပ်ငန်းကို မှတ်ပုံတင်ရန် သွားရောက်လျှောက်ထားခဲ့သော်လည်း "AI ဖြင့်ထုတ်လုပ်သည်"ဟူသော အကြောင်းပြချက်ဖြင့် ပယ်ချခံခဲ့ရသည်။

**မူပိုင်ခွင့်ဥပဒေသည် မူရင်းတီထွင်ဖန်တီးမှုကိုသာ အမှန်တကယ် ကာကွယ်ပေးထားသည့်အတွက် Chat GPT ကို ပေးလိုက်သည့် ညွှန်ကြားချက် prompts သည် ရှည်လျားပြီး အဓိပ္ပာယ်က အလွန်ဆန်းသစ်နေသော်ငြားလဲ လုပ်ဆောင်ချက်များက စက်မှုနည်းပညာ အလွန်ဆန်သည့်အတွက် မူပိုင်ခွင့် အကာအကွယ် မရနိုင်ကြောင်းတွေ့ရှိရသည်။ နောင်နှစ်ပေါင်းများစွာကြာပြီးနောက် အချို့တရားစီရင်ပိုင်ခွင့်များတွင် စက်မှုနည်းပညာအလွန်ဆန်သည့်လုပ်ငန်းကိုပင် စတင်အကာအကွယ်ပေးကောင်း ပေးလာနိုင်သော်လည်း မူပိုင်ခွင့်ဥပဒေ၏အရင်းခံမှုမှာ ယခုအချိန်အထိ တီထွင်ဖန်တီးနိုင်မှု အဆင့်ရှိရန် လိုအပ်**

ထို့ကြောင့် လျှောက်ထားသူများသည် ပယ်ချမှုကို စိန်ခေါ်ရန် တရားရုံးသို့ သွားခဲ့ရာ တရားရုံးများထံမှ အလွန်ကွဲပြားသောအမြင်ကို ရရှိခဲ့သည်။ သူတို့သည် ဥပဒေအား အလွန်ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပြီး လူသားတစ်ဦးသည် အချက်အလက်များသွတ်သွင်းခြင်း (သို့မဟုတ်) လေ့ကျင့်မှုမှ တစ်ဆင့် ပံ့ပိုးပေးပါက AI ထုတ်ပေးသည့်အလုပ်အား အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောဆိုကြပါသည်။ ထို့ကြောင့် တရုတ်တရားရုံးများက ယခုအချိန်အထိ AI နှင့် လူသား(စာရေးဆရာ) ပေါင်းစပ်ထားသော အလုပ်လက်ရာသည် မူပိုင်ခွင့် အကာအကွယ်ပေးရန်အတွက် လုံလောက်သည်ဟူသော ရပ်တည်ချက်ကို ခံယူထားကြသည်။ မူပိုင်ခွင့်ဖြင့် အကာအကွယ်ပေးရန်အတွက် တီထွင်ဖန်တီးမှု အဆင့်မြင့်မားရန် မလိုအပ်ပါ။ လူသားပါဝင်အားထုတ်ထားသည်ဖြစ်ပါက အကာအကွယ်ပေးမည်ဖြစ်သည်ဆိုသည့် အဓိပ္ပာယ်ဖြစ်ပါသည်။

### လူသားအားထုတ်မှုနှင့် လူသားတီထွင်ဖန်တီးမှု

ဤနေရာတွင် လူသားအားထုတ်မှုဆိုသည့် အသုံးအနှုန်းနှင့် လူသားတီထွင်ဖန်တီးမှု ဆိုသည့် အသုံးအနှုန်း၏ ကွဲပြားခြားနားချက်ကို သတိထားရမည်ဖြစ်ပါသည်။ လူသားတစ်ဦးအနေဖြင့် တီထွင်ဖန်တီးမှုများစွာကို မလုပ်ဆောင်သော်လည်း ၎င်းပါဝင်ပတ်သက်နေပါက အကာအကွယ်ပေးမည်ဖြစ်သည်ဟု ဆုံးဖြတ်ခြင်းမှာ အားထုတ်မှုဟူသော ဝေါဟာရနှင့် တီထွင်ဖန်တီးမှုဟူသော အသုံးအနှုန်းကြား ခြားနားချက်ရှိသည့်အတွက်ဖြစ်ပါသည်။ ဥပမာအားဖြင့် presentation တစ်ခုခုအတွက် ရေစာအမှတ်အသားကို ဖယ်ရှားခြင်း (သို့မဟုတ်) စာသားကို အနည်းငယ်ပြင်ဆင်တည်းဖြတ်ခြင်းကဲ့သို့သော အလုပ်သည် အားထုတ်မှုပမာဏဖြစ်ပြီး ၎င်းသည် တီထွင်ဖန်တီးမှုပမာဏ မဟုတ်ပါ။

သို့ရာတွင် တရုတ်နိုင်ငံတရားရုံးများ၏ ဆုံးဖြတ်ချက်ဆိုလိုရင်းမှာ လူသားတစ်ယောက်အနေဖြင့် အလုပ်တစ်ခုခုဖန်တီးရာတွင် လူသားအားထုတ်မှုအနည်းငယ်ဖြင့် AI နည်းပညာ အသုံးပြုထုတ်လုပ်ထားလျှင်ပင် မူပိုင်ခွင့်ကို အကာအကွယ်ပေးနိုင်သည်ဟု ဆိုလိုပါသည်။ ထိုကဲ့သို့သော ချဉ်းကပ်မှုသည် တကယ်တော့ အမေရိကန်နိုင်ငံက လက်ခံကျင့်သုံးသည့် ချဉ်းကပ်ပုံနှင့် အတော်လေး ကွဲပြားပါသည်။

ယခုအခါ အိန္ဒိယနိုင်ငံတွင် အိန္ဒိယမူပိုင်ခွင့်အက်ဥပဒေသည် စာရေးဆရာအား လူသားတစ်ဦး (သို့မဟုတ်) တရားဝင်ပုဂ္ဂိုလ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ တရားဝင်ပုဂ္ဂိုလ်ဆိုသည်မှာ အမှန်တကယ် မှတ်ပုံတင်ထားသော လူ့အဖွဲ့အစည်း (သို့မဟုတ်) ကုမ္ပဏီတစ်ခု ဖြစ်နိုင်သည်။ ယခုအချိန်အထိ အိန္ဒိယမူပိုင်ခွင့် ဥပဒေတွင် AI အတွက် တိုက်ရိုက်ပေါ်လစီ မရှိသေးသလို AI မှ ထုတ်လုပ်သည့်လက်ရာများအား မည်ကဲ့သို့ကာကွယ်သင့်သည် ဆိုသည်နှင့် ပတ်သက်၍လည်း ဆွေးနွေးမှု မရှိသေးပေ။ ယခုလက်ရှိတွင် အိန္ဒိယ၏အကြီးဆုံးသော သတင်းအေဂျင်စီတစ်ခုမှ ထုတ်ဝေသူ အုပ်စုတစ်စုသည် သတင်းသမားအချို့ကို ၎င်းတို့၏ လုပ်အားလက်ရာများအား အသုံးပြုမှုအတွက် တရားစွဲခြင်းများရှိပြီး အမှုဆက်လက်ရင်ဆိုင်နေကြဆဲ ဖြစ်ပါသည်။

### မည်သည့်မူပိုင်ခွင့် လုပ်ထုံးလုပ်နည်းမျှမရှိသေး

AI မှ ထုတ်ပေးသည့်အလုပ်နှင့် ပတ်သက်၍ ထုတ်ဝေသူများနှင့် ဂျာနယ်လစ်များအကြားတွင် အငြင်းပွားမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိနေပြီး အိန္ဒိယမူပိုင်ခွင့်ဥပဒေ၌ မတူညီသောမှတ်ချက်တစ်ခုမှာ စက်ဖြင့်ဖန်တီးထားသော လက်ရာများကို အကာအကွယ်ပေးနိုင်ကြောင်း အပိုင်းတစ်ခုရှိသည်။ သို့ရာတွင် AI ဖြင့် ဖန်တီးထုတ်လုပ်သည့် လက်ရာများ ( AI Generated work) နှင့် စက်ဖြင့် ဖန်တီးထားသည့် လက်ရာများ (Machine Generated work)ကို တန်းတူညီစွာ အကာအကွယ်ပေးခြင်း ရှိ မရှိနှင့် ပတ်သက်၍မှု ယနေ့ထိ တရားရုံးရှေ့ကို အငြင်းပွားမှုအဖြစ် ရောက်မလာသေးပါ။ အိန္ဒိယနိုင်ငံ၏ မူပိုင်ခွင့်ကို ရေးသားစဉ်အခါက စက်ဖြင့် ဖန်တီးထုတ်လုပ်ပေးသော အလုပ်များဆိုသည်မှာ Paint Brush (သို့မဟုတ်) notepad (သို့မဟုတ်) Microsoft Word ကဲ့သို့သော ဆော့ဖ်ဝဲလ်ကို ရည်ညွှန်းထားခြင်းကြောင့် ဖြစ်ပါသည်။ ယနေ့ အသုံးပြုနေကြသည့် ခေတ်မီဆန်းပြားသော AI ကိရိယာများ မပေါ်ပေါက်သေးသည့်အတွက် ထည့်သွင်းစဉ်းစားခြင်း မပြုခဲ့ပါ။ ထို့ကြောင့် AI ဖြင့် ထုတ်လုပ်သည့် အလုပ်များအတွက် မည်သည့်မူပိုင်ခွင့် လုပ်ထုံးလုပ်နည်းမျှမရှိသေးပါ။

ဂျပန်နိုင်ငံတွင် AI ဖြင့် ထုတ်လုပ်သော အလုပ်များနှင့်ပတ်သက်၍ အမှန်တကယ် AI ကို မည်သို့ကာကွယ်သင့်သည် (သို့မဟုတ်) AI ကို မည်သို့ထိန်းကျောင်းလည်ပတ်သင့်သည် ဆိုသည်ကို အဆင့်မြင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။ အစိုးရများက AI ကို မည်သို့ ထိန်းကျောင်းသင့်သည် ဆိုသည်ကို ဆွေးနွေးတိုင်း ဉာဏပစ္စည်း မူပိုင်ခွင့်(IP) သည် ဆွေးနွေးမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေသည်။ ထို့ကြောင့် ဂျပန်နိုင်ငံတွင် AI ဖြင့် အပြည့်အဝ ဖန်တီးထုတ်လုပ်ထားသည့် အလုပ်များအား ယေဘုယျအားဖြင့် အကာအကွယ်မပေးပါဟု ဖော်ပြထားသည့် စာတမ်းတစ်စောင်ကို ဂျပန်အစိုးရက ထုတ်ဝေလိုက်ပါသည်။

အလုပ်တစ်ခုအတွက် မူပိုင်ခွင့်အကာအကွယ်ရရှိရန် လူ့သားကိုယ်တိုင်ဖန်တီး ရေးသားမှုသည် အလွန်အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ၎င်းတို့က ဆိုကြသည်။ ထို့ကြောင့် အလုပ်တစ်ခုသည် AI ဖြင့် သက်သက်ဖန်တီးထုတ်လုပ်ထားပါက ကာကွယ်နိုင်မည်မဟုတ်ကြောင်း ဂျပန်အစိုးရထံ၏ သဘောထားကို ဖော်ပြထားပါသည်။

Reference: Dr. Seemantani Sharma, Legal Manager, Asia-Pacific Broadcasting Union

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အတွက် ကုလသမဂ္ဂလူငယ်ရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ

၁။ အဂတိလိုက်စားမှုသည် အမြဲတမ်း သိသာမြင်သာသော ကိစ္စရပ်တစ်ခုမဟုတ်သော်လည်း ၎င်း၏အကျိုးသက်ရောက်မှုမှာ နေရာတိုင်းတွင် တည်ရှိနေပါသည်။ ၎င်းသည် အစိုးရအဖွဲ့အစည်းများကို အားနည်းစေပြီး လူသားအားလုံးကို ထိခိုက်စေကာ မညီမျှမှုများကို တိုးပွားစေပြီး အများပြည်သူ၏ယုံကြည်မှုကို တိုက်စားပျက်စီးစေပါသည်။ အဂတိလိုက်စားမှု ပျံ့နှံ့များပြားလာသောအခါ လူ့အဖွဲ့အစည်းအတွင်း တင်းမာမှုများ ပိုမိုနက်ရှိုင်းလာပြီး လူမှုအသိုက်အဝန်းသည်လည်း ပဋိပက္ခဖြစ်ပွားရန် ထိလွယ်ရှလွယ် ဖြစ်လာပါသည်။

၂။ ယခုအပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့တွင် ကမ္ဘာတစ်ဝန်းရှိ လူငယ်များသည် ဤစိန်ခေါ်မှုများကို သိရှိနားလည်ပြီး အခြေအနေမှန်များကို ရှင်းရှင်းလင်းလင်း သိမြင်ကြောင်းကို ကျွန်ုပ်တို့ လက်ခံအသိအမှတ်ပြုပါသည်။ ၎င်းတို့သည် ပိုမိုပွင့်လင်းမြင်သာမှုရှိသော၊ တရားမျှတသော၊ တာဝန်ယူမှုရှိသောစနစ်များကို တောင်းဆိုနေကြပါသည်။ ၎င်းတို့၏ ဖြောင့်မတ်တည်ကြည်မှုအတွက် တောင်းဆိုချက်သည် တည်ငြိမ်မှု၊ အားလုံးပါဝင်မှုနှင့် ငြိမ်းချမ်းရေးအတွက် ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်တစ်ခုဖြစ်ပါသည်။

၃။ ဤသတင်းစကားသည် ယခုအချိန်တွင် အလွန်ပင် သင့်လျော်သည့် သတင်းစကားတစ်ခု ဖြစ်ပါသည်။ အကြောင်းမှာ ယခုနှစ်အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့သည် လူငယ်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်၏ ၁၀ နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကျင်းပသောကြောင့်ဖြစ်ပါသည်။ ထိုဆုံးဖြတ်ချက်သည် ပဋိပက္ခများကို တားဆီးကာကွယ်ခြင်းနှင့် ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့စေခြင်းတို့တွင် လူငယ်များ၏ အခန်းကဏ္ဍကို ချိတ်ဆက်အတည်ပြုပေးခဲ့သည့် မှတ်တိုင်တစ်ခုဖြစ်သည်။

၄။ ဆယ်စုနှစ်တစ်ခုအကြာတွင် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းသည် "လူငယ်များ၏ ထိရောက်တက်ကြွသော ပါဝင်မှုမရှိပါက ငြိမ်းချမ်းရေးရရှိရန် မဖြစ်နိုင်ပါ။" ဟူသော ရိုးရှင်းသည့် အမှန်တရားတစ်ခုကို အသိအမှတ်ပြုခဲ့ပါသည်။ ယနေ့တွင် ၎င်းတို့၏ အခန်းကဏ္ဍသည် ပိုမိုရှင်းလင်းမြင်သာလာပါသည်။ ရိုးသားဖြောင့်မတ်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့သည် လူငယ်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာမူဘောင်များအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသော တည်ငြိမ်ရေးဆိုင်ရာအစီအစဉ်၏ ဗဟိုအချက်အချာဖြစ်ပါသည်။

၅။ လူငယ်များသည် ကျင့်ဝတ်နှင့်ညီသောခေါင်းဆောင်မှု၊ အားလုံးပါဝင်သော စီမံအုပ်ချုပ်မှုနှင့် ပိုမိုတရားမျှတသော အဖွဲ့အစည်းများဖြစ်ပေါ်စေရန် တွန်းအားပေးဆောင်ရွက်ခြင်းအားဖြင့် ပဋိပက္ခများမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန် အထောက်အကူဖြစ်စေပါသည်။ လူငယ်များသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့၏ အခြေခံအုတ်မြစ်များကို တည်ဆောက်နေကြပါသည်။ ရပ်ရွာအခြေပြုအစီအစဉ်များကို ဦးစီးဆောင်ရွက်ခြင်းမှစ၍ ပွင့်လင်းမြင်သာမှုအတွက် ဆန်းသစ်သောဒစ်ဂျစ်တယ်ကိရိယာများ ဖန်တီးခြင်းအထိ အများပြည်သူဘဝအတွက် လမ်းညွှန်မှုအခြေခံမှုများဖြစ်သည့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော အနာဂတ်ကို လူငယ်များက ပုံဖော်နေကြပါသည်။ ၎င်းတို့၏ ဆောင်ရွက်ချက်များသည် "ဖြောင့်မတ်တည်ကြည်မှု မြင့်မားပါက ငြိမ်းချမ်းရေးရရှိနိုင်မှု မြင့်မားစေမည်" ဟူသည့်အချက်ကို ဖော်ပြနေခြင်းဖြစ်သည်။

၆။ သို့ရာတွင် ဤကဲ့သို့သောအနာဂတ်ကို ဖန်တီးပုံဖော်ခြင်းသည် လူငယ်များတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ လူသားတိုင်း၏ တာဝန်ဖြစ်ပါသည်။ အနာဂတ်ကိုဖန်တီးရာတွင် ပွင့်လင်းမြင်သာသော ဆွေးနွေးညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ မတူကွဲပြားသော အမြင်များကို လေးစားမှုနှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရန် ကတိကဝတ်ပြုမှုတို့ လိုအပ်ပါသည်။ ဖြောင့်မတ်တည်ကြည်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ကျင့်ဝတ်သိက္ခာရှိသောအပြုအမူကို ပံ့ပိုးခြင်းသည် လူတိုင်းအတွက် အကျိုးရှိစေမည်ဖြစ်ပါသည်။

၇။ ကျွန်ုပ်တို့သည် လူငယ်များနှင့်အတူ ရပ်တည်ပြီး ဤတန်ဖိုးများကို မြှင့်တင်ပေးခြင်းဖြင့် ယုံကြည်မှု၊ ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတို့ဖြင့် အခြေခံထားသော လူမှုအသိုက်အဝန်းများကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးရှိမှသာ လူငယ်လူရွယ်တိုင်း အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ပြီး ဂုဏ်သိက္ခာရှိစွာ ပြုမူနေထိုင်နိုင်သည့် ကမ္ဘာတစ်ခုအား ဖန်တီးနိုင်မည်ဖြစ်ပါသည်။

## ပန်းတနော်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ပန်းတနော် ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတ တိုးပွားလာစေရန်၊ ကိုယ်ရည်ကိုယ်သွေးများနှင့် နှုတ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ရင့်သန်လာစေရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးမှူး ဒေါ်ခင်သန္တာထွေးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်မီးသတ်စခန်းမှူး ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေဇေအောင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ရှင်းလင်းပြောကြားကာ လူငယ်စကားဝိုင်းကိုကျင်းပသည်။ လူငယ်စကားဝိုင်းတွင် ကျောင်းသားကျောင်းသူငါးဦးက ဦးဆောင်ဆွေးနွေးကာ မချယ်ရီစိုးက လူငယ်နှင့် ပညာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဝေဝေအောင်က လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ မခင်ရတနာက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ကျော်လင်းအောင်က လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့်လည်းကောင်း၊ မအေးအေးငြိမ်းက လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်များဖြင့်လည်းကောင်း အပြန်အလှန်ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ပြန်လည်၍ဆွေးနွေးခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူကျောင်းသား ကျောင်းသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်ပြပွဲများအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မော်လမြိုင်မြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ သံဃာတော်များအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မော်လမြိုင်မြို့ရှိ မြစေတီစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၃၀၀ အား ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြစေတီ စာသင်တိုက် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဘိုကလေးမြို့နယ်နှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၈**

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ ဘိုကလေးမြို့နယ်သို့ ရောက်နေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အခြေပြု၍ ဒေသခံပြည်သူ ၇၃၃ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၂၀၃ ဦး၊ ခွဲစိတ်ရောဂါ ၂၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၉ ဦး၊ ကလေးရောဂါ ၁၆ ဦး၊ အရိုးရောဂါ ၂၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၅ ဦး၊ မျက်စိရောဂါ ၁၅၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၂ ဦး စုစုပေါင်းဒေသခံပြည်သူ ၇၃၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊ သွားနုတ်/သွားဖာ ၂၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၁ ဦး၊ အာထရာဆောင်းစက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၁ ဦး တို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -



ဦးသိန်းထောင်



ဒေါ်ခင်မိုးမိုးအေး

ဦးလေးနာမည်က ဦးသိန်းထောင်ပါ။ အသက် ၈၅ နှစ်ရှိပြီ။ အခုပါရဂူကြီးတွေ ကိုယ်တိုင်လာပြီးတော့ ပရဟိတကုသပေးတာ တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ ခြေထောက်ကတော့ ကုမရတော့ဘူးတွက်တာ။ အခုကတော့ တော်တော် ဝမ်းသာပါတယ်။ ဘယ်လိုဝမ်းသာမှန်းကို မသိဘူး။ ကျေးဇူးတင်ပါတယ်။ ပြောရင်းနဲ့တောင် မျက်ရည်ကျမိပါတယ်။ ဝမ်းသာတာ ဒီလိုကုပေးတယ်ဆိုတာ တစ်ခါမှ မကြားဖူးဘူး။ တွေ့လည်း မတွေ့ဖူးဘူး။ ဒီနေ့ လက်တွေ့ကုသဖူးခဲ့ပါပြီ။

ကျွန်မကတော့ ခင်မိုးမိုးအေးလို့ ခေါ်ပါတယ်။ အခုလက်ကို အဆီကျိတ်လာပြတာပါ။ ဆရာဝန်ကြီးတွေကလည်း သေသေချာချာ ခွဲစိတ်ကုသပေးပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ တော်တော်ကြာပါပြီ။ တစ်နှစ်နီးပါးလောက်တော့ ရှိပြီ။ ဒီမှာပြတာ အကုန်လုံးသက်သာတယ်။ လူအင်အားလည်း သက်သာတယ်။ ငွေရေးကြေးရေးလည်း သက်သာတယ်။ အသွားအလာ ခရီးစရိတ်လည်း သက်သာတယ်။ အားလုံး အဆင်ပြေပါတယ်။ လာရောက်ပြီးတော့ ကုသပေးတဲ့ ဆရာဝန်ကြီးတွေလည်း ကျန်းမာချမ်းသာပြီး အန္တရာယ်ကင်း ဘေးကင်းပါစေ၊ ရာထူးတွေလည်း တိုးတက်ပါစေလို့ ဆုတောင်းမေတ္တာ ပို့ပါတယ်။ ကျန်တဲ့ ခုနစ်ရက် သားသမီးတွေလည်း လာပြီးပြစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဝမ်းသာပါတယ်။ နောင်လည်း အခုလိုမျိုး လာရောက်ပြီးတော့ ကုသပေးနိုင်ဖို့ ဖိတ်ခေါ်ကြိုဆိုပါတယ်။

**သတင်းစဉ်**

## သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**သထုံ ဒီဇင်ဘာ ၈**

သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်က သာယာကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ဦးစွာ (သာယာကုန်း) အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်ဝင်းက ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်များ ဘက်စုံဖွံ့ဖြိုးရေး ဆိုင်ရာများကို ဆွေးနွေးရာ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြသည်။



ထို့နောက် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းရောဂါကာကွယ်ဆေးထိုးနှံ

**လှည်းကူး ဒီဇင်ဘာ ၈**

လှည်းကူးမြို့နယ် ကြို့ကုန်းကျေးရွာတွင် မြန်မာနိုင်ငံ၌ သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားမှုကြောင့် အမျိုးသမီးဦးရေ သေဆုံးမှု မြင့်မားလျက်ရှိနေမှုမှ ကာကွယ်နိုင်ရန် ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းရောဂါ ကာကွယ်ဆေးကို ယနေ့နံနက်ပိုင်းက ကြို့ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ကျေးရွာအတွင်းရှိ အမျိုးသမီးများအား ကာကွယ်ဆေးထိုးနှံပေးသည်။



အဆိုပါပြည်သူလူထုအခြေပြု သားအိမ်ခေါင်းရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုအား လှည်းကူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးသန်းဇော်၊ မြို့နယ်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**လှည်းကူး(ပြန်/ဆက်)**

# ပုလဲဆိပ်ကမ်းဗုံးကြဲတိုက်ခိုက်ခံရသည့် အောက်မေ့ဖွယ်အခမ်းအနား အမေရိကန်ကျင်းပ

**ဝါရှင်တန် ဒီဇင်ဘာ ၈**

လွန်ခဲ့သော ၈၄ နှစ်က ပုလဲဆိပ်ကမ်းကို ဂျပန်က တိုက်ခိုက်ခဲ့သည့် အထိမ်းအမှတ်အခမ်းအနားကို အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ်၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ အမေရိကန် တပ်ဖွဲ့ဝင်များအပါအဝင် လူပေါင်း ၃၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားသို့ တက်ရောက်ခဲ့သူများတွင် နာဂါဆာကီ အဏုမြူဗုံးကြဲချမှုမှ အသက်ရှင် လွတ်မြောက်လာသူများနှင့် ဟိုနိုလူလူမြို့နှင့်ညီအစ်မ မြို့ဆက်ဆံရေးရှိသည့် နီအီဂါတာခရိုင် နာဂါအိုကာ မြို့တော်ဝန်တို့လည်း ပါဝင်ခဲ့သည်။

အောက်မေ့ဖွယ်အခမ်းအနားသို့ တက်ရောက် လာသူများသည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက် တိုက်ခိုက်မှုစတင်ခဲ့သည့် နံနက် ၇ နာရီ ၅၅ မိနစ်တွင် ငြိမ်သက်ဆုတောင်းခဲ့ကြသည်။

ယင်းတိုက်ခိုက်မှုတွင် အမေရိကန်နိုင်ငံသား ၂၄၀၀ ခန့်သေဆုံးခဲ့ပြီး အမေရိကန်ပြည်ထောင်စုကို ဒုတိယကမ္ဘာစစ်ထဲ ပါဝင်လာစေခဲ့သည်။ ငြိမ်းချမ်းရေးလမ်းကြောင်းသည် မိမိတို့တန်ဖိုးထားသမျှ အရာအားလုံးကို ကာကွယ်ရန်ပြင်ဆင်နေခြင်းသာ ဖြစ်သည်ဟု ဟာဝိုင်ယီရေတပ်ဒေသကွပ်ကဲရေးမှူး ရေတပ်ဗိုလ်ချုပ်ကြီး ဘရတ်ဒ်ကောလင်းက ပြောသည်။

အဘိုးဖြစ်သူ ဒုတိယကမ္ဘာစစ်တွင် ပါဝင်ခဲ့သည့် အမျိုးသားတစ်ဦးက အတိတ်တွင်ဖြစ်ပျက်ခဲ့သမျှ အားလုံး ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် လူများသည် အနာဂတ်ကို ဆက်လက်မျှော်မှန်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကမ္ဘာကြီးတွင် မိမိတို့လိုအပ်သည်က ငြိမ်းချမ်းရေးနှင့် ချစ်ခြင်းမေတ္တာဖြစ်ပြီး ယင်းအချက်များကို မိမိတို့ နှလုံးသားထဲထည့်ပြီး အတူတကွလုပ်ဆောင်နိုင် သည်ဟု ဖလော်ရီဒါပြည်နယ်မှ အမျိုးသမီးတစ်ဦးက ပြောသည်။



မည်သည့်အကြောင်းပြချက်နှင့်မျှ စစ်ပွဲများ မဆင်နွှဲသင့်ကြောင်း ကမ္ဘာကြီးကို သတင်းစကား ပါးလိုကြောင်း နာဂါအိုကာမြို့တော်ဝန် အီဆိုဒါတက် ဆူနိုဘူက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**




ရှန်ဟိုင်းမြို့ရှိ တက်စလာ၏ အကြီးစားစက်ရုံမှ ထုတ်လုပ်သည့် လေးသန်းမြောက်ယာဉ်နှင့် ဝန်ထမ်းများ အုပ်စုဖွဲ့ မှတ်တမ်းတင်ဓာတ်ပုံရိုက်မှုကို ဒီဇင်ဘာ ၈ ရက်က တွေ့ရစဉ်။

# တက်စလာရှန်ဟိုင်းကုမ္ပဏီက လေးသန်းမြောက် မော်တော်ယာဉ်ထုတ်လုပ်ပြီး မှတ်တိုင်သစ် စိုက်ထူ

**ရှန်ဟိုင်း ဒီဇင်ဘာ ၈**

ရှန်ဟိုင်းမြို့ရှိတက်စလာ၏အကြီး စားစက်ရုံသည် ဒီဇင်ဘာ ၈ ရက် တွင် ၎င်း၏ လေးသန်းမြောက် မော်တော်ယာဉ်ကို ထုတ်လုပ်နိုင်ခဲ့ ပြီး မှတ်တိုင်သစ်တစ်ရပ် စိုက်ထူ နိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ လျင်မြန်စွာ ကြီးထွားလာသော စွမ်းအင်ကဏ္ဍသစ်နှင့်အညီ အမေ ရိကန် ကားထုတ်လုပ်ရေးကုမ္ပဏီ က ၎င်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမို နက်ရှိုင်းလာစေကြောင်း ကုမ္ပဏီ ၏ ထုတ်ပြန်ချက်အရ သိရသည်။

တက်စလာကုမ္ပဏီ၏ ရှန် ဟိုင်းစက်ရုံသည် အမေရိကန် ပြည်ထောင်စုပြင်ပတွင် အကြီးစား စက်ရုံတစ်ရုံဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် တည်ဆောက် ရေးလုပ်ငန်းကို စတင်လုပ်ဆောင် ခဲ့သည်။ ယင်းနှစ်ဒီဇင်ဘာလ တွင် ပထမဆုံးယာဉ်ကို ထုတ်လုပ် နိုင်ခဲ့သည်။ အဆိုပါစက်ရုံသည် တက်စလာ၏ တစ်ကမ္ဘာလုံး ဆိုင်ရာ ကားတင်ပို့ရောင်းချမှု၏ ထက်ဝက်နီးပါးကို ဖြည့်ဆည်း ပေးလျက်ရှိကြောင်း သိရသည်။

ရှန်ဟိုင်းစက်ရုံသည် ၎င်း၏ ပထမဆုံး ကားအစီး တစ်သန်း ထုတ်လုပ်ရာတွင် လပေါင်း ၃၀ ကျော်ကြာမြင့်ခဲ့သော်လည်း ၁၄ လ ခန့်အတွင်း သုံးသန်းမှ လေးသန်း ထုတ်လုပ်နိုင်သည်အထိ မြင့်တက် လာခဲ့သည်။ ထို့အပြင် အဆိုပါ စက်ရုံသည် တရုတ်ပြည်မကြီး ဈေးကွက်ကို သာမက ဥရောပနှင့် အာရှ- ပစိဖိတ်ဒေသသို့ တင်ပို့ ပြီး ပြည်ပဝယ်ယူသူများကိုပါ ဖြည့်ဆည်းပေးလျက်ရှိသည်။

အောက်တိုဘာလတွင် ရှန် ဟိုင်းစက်ရုံသည် ကားအစီးရေ ၃၅၀၀၀ ကျော် ပြည်ပသို့တင်ပို့ ခဲ့ကြောင်း၊ ယင်းမှာ နှစ်နှစ်အတွင်း လစဉ်တင်ပို့သည့် အများဆုံး ပမာဏဖြစ်ကြောင်း ကုမ္ပဏီက ပြောသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံက စပိန်နိုင်ငံမှ ဝက်သားတင်သွင်းမှု ယာယီတားမြစ်

**မနီလာ ဒီဇင်ဘာ ၈**

ဖိလစ်ပိုင်နိုင်ငံသည် ဥရောပနိုင်ငံအတွင်း အာဖရိက ဝက်တုပ်ကွေးရောဂါ (အေအက်စ်အက်ဖ်) ဖြစ်ပွားပြီး နောက် စပိန်နိုင်ငံမှ ဝက်နှင့် ဝက်သားအားလုံး တင်သွင်းမှု ယာယီတားမြစ်ချက်ကို ချမှတ်ခဲ့ကြောင်း နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးဌာနက ဒီဇင်ဘာ ၇ ရက် တွင် ပြောကြားသည်။

ဝက်၊ ဝက်သား၊ ဝက်ခေါက် စသည့် ရေခဲ သည့်သွင်းကုန်များမှာ ခရစ္စမတ်ကာလအတွင်း လုံလောက်မှုရှိပြီး ဈေးနှုန်းမြင့်တက်ခြင်းတို့ ဖြစ်ပေါ် မည်မဟုတ်ကြောင်း စိုက်ပျိုးမွေးမြူရေးဌာနမှ တာဝန်ရှိသူဖရန်စစ္စကိုတီယူလော်ရယ်က ပြောသည်။

ဆာဘာက်ဒယ်နှင့် Valles Occidental ဒေသတို့၌ တောဝက်များတွင် အာဖရိက ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားသည်ကို စပိန်တိရစ္ဆာန်ဆေးကုတာဝန်ရှိသူ များက နိုဝင်ဘာ ၂၈ ရက်တွင် တိရစ္ဆာန်ကျန်းမာရေး ဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်းသို့ အစီရင်ခံပြီးနောက် တားမြစ်ချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အာဖရိကဝက်တုပ်ကွေးဗိုင်းရပ်စ် ဝင်ရောက်ခြင်း မှ ကြိုတင်ကာကွယ်ရန် ဝက်သားတင်သွင်းမှုတရားဝင် ဆိုင်းငံ့ခြင်းမှာ လိုအပ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ **ဆင်ဟွာ**

# ငြိမ်းချမ်းရေးထိန်းသိမ်းရန် အဓိကအချက်များကို ကွန်ဂိုသမ္မတ အလေးပေးပြော

**ကင်ရှာဆာ ဒီဇင်ဘာ ၈**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ ဖီးလစ်ဇ်ရှီ ဆက်ကီဒီက ပဋိပက္ခဖြစ်ပွားနေသော နိုင်ငံအရှေ့ ပိုင်းဒေသတွင် ငြိမ်းချမ်းရေးကို ပြန်လည်ထိန်းသိမ်း ရန် အဓိကအချက်များကို ဒီဇင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။

ယင်းအချက်များတွင် ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် လုံခြုံရေးအစီအမံများသာမက ရေရှည် ရပ်ရွာပြန်လည်ထူထောင်ရေး အစီအမံများလည်း လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

အမျိုးသားညီလာခံနှင့် လွှတ်တော်မစတင်မီ မြို့တော်ကင်ရှာဆာတွင်ပြောကြားသော အမျိုးသား မိန့်ခွန်းတွင် အစိုးရ၏ အဓိကရည်ရွယ်ချက်မှာ ပွင့်လင်းမြင်သာစွာ လည်ပတ်လုပ်ကိုင်သည်ဖြစ်စေ၊ အခြားအဖွဲ့အစည်းများမှတစ်ဆင့် ဝင်ရောက် လုပ်ကိုင်သည်ဖြစ်စေ မည်သို့ဆိုစေ ကွန်ဂိုနယ်မြေ မှ "နိုင်ငံခြားလက်နက်ကိုင်တပ်ဖွဲ့များအားလုံး အလုံးစုံ အပြီးအပိုင်ရုပ်သိမ်းရေး" ဖြစ်ကြောင်း သမ္မတ ဖီးလစ်ဇ်ရှီဆက်ကီဒီက ပြောကြားခဲ့သည်။

ထိုသို့ နိုင်ငံခြားလက်နက်ကိုင်တပ်ဖွဲ့များ နိုင်ငံ တွင်းမှ အပြီးတိုင်ထွက်ခွာခြင်းသည် နိုင်ငံတော် ၏အချုပ်အခြာအာဏာကို ပြန်လည်တည်ဆောက် ခြင်းနှင့် တင်းမာမှုလျော့နည်းအောင်အခြေအနေ များဖန်တီးရာတွင် မရှိမဖြစ်အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဒုတိယအရေးကြီးဆုံးအချက်မှာ လက်နက်ကိုင် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေသော ငွေကြေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်များကို ဖျက်သိမ်း ခြင်းဖြစ်ပြီး အထူးသဖြင့် ရွှေ၊ ဂေါ်ဒန်သတ္တု၊ ကိုဗော့သတ္တုနှင့် အခြားသော သဘာဝအရင်းအမြစ် များကို တရားမဝင်မှောင်ခိုကူးခြင်းနှင့် အမြတ် ထုတ်ခြင်းများကို ဖြတ်တောက်ရန်ဖြစ်သည်။ အဆိုပါဝင်ငွေလမ်းကြောင်းများကို ဖြတ်တောက် ခြင်းသည် လက်နက်ကိုင်အဖွဲ့များ၏ စွမ်းဆောင် နိုင်ရည်ကို အားနည်းသွားစေရန်အတွက် အရေးကြီး သည့် လုပ်ဆောင်ချက်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီမှစပြီး ဒေသတွင်းပြည်သူ ၂ ဒသမ ၄ သန်း နေရပ်စွန့်ခွာသွားကြကြောင်း၊ စုစုပေါင်း ပြည်တွင်းနေရပ်စွန့်ခွာသူ ခြောက်သန်း အထိရှိလာပြီး တစ်သန်းခန့်မှာ အိမ်နီးချင်းနိုင်ငံ များတွင် ခိုလှုံနေကြောင်းနှင့် ၂၇ သန်းမှာ ဆာလောင် ငတ်မွတ်နေကြောင်း ကုလသမဂ္ဂသတင်း ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ငရုတ်ကောင်းတင်ပို့မှု အမေရိကန်ဒေါ်လာ တစ်ဘီလီယံခွဲကျော်ရှိ

**ဟနွိုင်း ဒီဇင်ဘာ ၈**

ယခုနှစ် ပထမ ၁၁ လအတွင်း ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်း တင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော်ရှိကြောင်း ဗီယက် နမ်ငရုတ်ကောင်းနှင့် ဟင်းခတ် အမွှေးအကြိုင်အသင်း၏ ပြော ကြားချက်ကို ကိုးကား၍ ဗီယက် နမ်သတင်းအေဂျင်စီက ဒီဇင်ဘာ ၈ ရက်တွင် ထုတ်ပြန်ထားသည်။

ယင်းကာလအတွင်း ဗီယက် နမ်နိုင်ငံသည် ငရုတ်ကောင်းနက် တန်ချိန် ၁၉၂၈၉၉ တန်နှင့် ငရုတ်ကောင်းဖြူတန်ချိန် ၃၂၁၁၀ အပါအဝင် ငရုတ်ကောင်းတန်ချိန် ၂၂၅၀၀၉ တန်ကို တင်ပို့နိုင်ခဲ့ ကြောင်း သိရသည်။



ငရုတ်ကောင်းနက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံခန့်နှင့် ငရုတ်ကောင်းဖြူ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၆၂ သန်းကျော် ဝင်ငွေရရှိကြောင်း သိရသည်။

အမေရိကန်သည် ငရုတ် ကောင်း တန်ချိန် ၄၈၈၄၉ တန် သို့မဟုတ် စုစုပေါင်း တင်ပို့မှု ၏ ၂၁ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဗီယက်နမ်ငရုတ်ကောင်းအတွက် အကြီးမားဆုံးဈေးကွက် အဖြစ် ဆက်လက် တည်ရှိနေကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**




မြဝတီမြို့ အမှတ်(၃)ရပ်ကွက်တွင် အွန်လိုင်းလောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တစ်ထပ်လူနေအဆောက်အအုံကို တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ်လူနေအဆောက်အအုံကို တွေ့ရစဉ်။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီး၊ မြဝတီမြို့အနီး၌ တရားမဝင်ပြည်ပနိုင်ငံသား ၂၃၂ ဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းနှင့် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၃၄၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော နှစ်ထပ်အဆောက်အအုံ ခြောက်လုံး၊ သုံးထပ်အဆောက်အအုံ တစ်လုံး၊ လေးထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ရှစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၉၃ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၃၄၁ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။

အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများအား အင်တိုက်အားတိုက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖမ်းဆီးရှာဖွေ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့ရှိ လုံခြုံရေးပူးပေါင်းအဖွဲ့များက သတင်းအရ မြဝတီမြို့ဝန်းကျင်တွင် ရှောင်တခင် စစ်ဆေးခြင်းများ၊ မြဝတီမြို့ အဝင်/အထွက်လမ်းကြောင်းနေရာများနှင့် လမ်းဆုံလမ်းခွနေရာများတွင် ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ ဖလူး-လေးကေ့ကော်-မြဝတီသွားကားလမ်းပေါ်ရှိ မေတ္တာလင်းမြိုင်ကျေးရွာအနီး လေးကေ့ကော်ဘက်မှ မြဝတီမြို့ဘက်သို့ မောင်းနှင်လာသော ၁၀ ဘီးယာဉ် လေးစီးပေါ်တွင် တရားမဝင်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၂၃၂ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် မြဝတီမြို့ အမှတ်(၃) ရပ်ကွက်အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုနေထိုင်လုပ်ကိုင်ခဲ့ကြသည့် သုံးထပ်အဆောက်အအုံ ငါးလုံး၊ တစ်ထပ်အဆောက်အအုံ သုံးလုံး၊ စုစုပေါင်း ရှစ်လုံးတို့အား စစ်ဆေးတွေ့ရှိခဲ့ရပြီး ၎င်းတို့အား ပြန်လည်အသုံးချမှုမရှိစေရေးအတွက် ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း သုံးထပ်အဆောက်အအုံ နှစ်လုံး၊ တစ်ထပ်အဆောက်အအုံ တစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးနိုင်ခဲ့သဖြင့် အဆောက်အအုံအားလုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် လူသားချင်းစာနာထောက်ထားမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံသား ၅၆ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ခုနစ်ဦး၊ ဥဇဘက်ကစ္စတန်နိုင်ငံသား လေးဦး၊ ဂါနာနိုင်ငံသား လေးဦး၊ ကာဂျစ္စတန်နိုင်ငံသား တစ်ဦး စုစုပေါင်း ၇၂ ဦးတို့အား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စပိန်လာလီဂါပွဲစဉ် (၁၅) တွင် ရီးရဲမက်ဒရစ်အသင်း ရှုံးနိမ့်ပြီး အက်စ်ပန်ညိုအသင်း အနိုင်ရ

စပိန်လာလီဂါပွဲစဉ် (၁၅) မှ ဒီဇင်ဘာ ၈ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ရီးရဲမက်ဒရစ်နှင့် ဆဲလ်တာဗီဂို အသင်းပွဲစဉ်တွင် ဆဲလ်တာဗီဂိုအသင်းက အကြိတ်အနယ်ကစားကာ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်ကို ဘာနေဗျူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၇၄၀၀၀ ကျော် လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် ဂိုးပေါက်ကန်သွင်းမှုအသာနှင့်အတူ ဆဲလ်တာဗီဂိုအသင်းကို ပွဲချိန်အများစု တစ်ဖက်သတ်ကစားနိုင်ခဲ့သော်လည်း ကစားသမားများ၏ အဆုံးသတ်သွင်းယူမှုတွင် လိုအပ်ချက်ရှိနေသည့်အတွက် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ကာ ဦးဆောင်သူ ဘာစီလိုနာအသင်းနှင့် လေးမှတ်အထိ ကွာဟသွားခဲ့ပြီ ဖြစ်သည်။

ဆဲလ်တာဗီဂိုအသင်းသည် ရီးရဲမက်ဒရစ်အသင်း၏ ဖိအားပေးခြင်းခံခဲ့ရသော်လည်း ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချကာ သွင်းဂိုးများအဖြစ် ပြောင်းလဲပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ ထို့အပြင် ဆဲလ်တာဗီဂိုအသင်းသည် ၂၀၁၄ ခုနှစ် မေလနောက်ပိုင်း ရီးရဲမက်ဒရစ်အသင်းကို ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့ခြင်းလည်း ဖြစ်သည်။

အဆိုပါပွဲစဉ်မှာ ရီးရဲမက်ဒရစ်အသင်း ကစားသမားသုံးဦးအထိ အနီကတ်ပြသခံခဲ့ရသည်။ ဆဲလ်တာဗီဂိုအသင်းသည် ယခုအနိုင်ပွဲကြောင့် လာလီဂါနိုင်ပွဲ လေးပွဲနှင့်အတူ ရမှတ် ၁၉ မှတ်ဖြင့် အဆင့် (၁၀) သို့ တက်လှမ်းနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ဦးဆောင်သူ ဘာစီလိုနာနှင့် ရမှတ်ကွာဟမှု လေးမှတ်အထိ ရှိလာပြီဖြစ်သောကြောင့် ထက်ကြပ်မကွာ ဆက်လက်ဖိအားပေးနိုင်ရန် လာမည့်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်တော့မည် ဖြစ်သည်။

အခြားပွဲစဉ်အဖြစ် ဒီဇင်ဘာ ၈ ရက် နံနက်အစောပိုင်းတွင် အက်စ်ပန်ညိုနှင့် ဗယ်လက်ကာနိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အက်စ်ပန်ညိုအသင်းက တစ်ဂိုး- ဂိုး မရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**




ရီးရဲမက်ဒရစ်အသင်းဘက်သို့ ဆဲလ်တာဗီဂိုအသင်း လူစားဝင်ကစားသမား ဝီလီအော့သ် ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

# အာဆီယံ - ကိုရီးယား ချစ်ကြည်ရေး ဂျေဂျူးကျွန်းမှ ရေသူမများနှင့် သမိုင်းသင်ခန်းစာများ

**ယခုနှစ် ဆောင်းဦးကာလသည် ကိုရီးယားကျွန်းဆွယ်ထက်သို့ အလှပဆုံးသော ပန်းချီကားတစ်ချပ်အဖြစ် ရောက်ရှိနေချိန်ဖြစ်သည်။ ရွက်ဝါကြွေချိန်၏ အေးမြသော လေပြည်နှင့်အတူ နီ၊ ဝါ၊ စိမ်း ရောင်စုံသစ်ရွက်တို့က လမ်းဘေးဝဲယာတွင် ဝေဆာနေကြသည်။ ထိုသို့သာယာလှပသော နိုဝင်ဘာလရက်စွဲများတွင် ကျွန်တော်တို့ သတင်းသမား နှစ်ဦးသည် "ASEAN Journalists Invitation Program"သို့ တက်ရောက်ရန် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေခဲ့သည်။**

ကျော်နိုင်တင့်

ခရီးစဉ်သည် အာဆီယံနှင့် ကိုရီးယားနိုင်ငံအကြား ဆက်ဆံရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းတို့ကို မီဒီယာမှတစ်ဆင့် ပိုမိုမြှင့်တင်ရန် ရည်ရွယ်သည့် ခရီးစဉ်တစ်ခုလည်းဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံလျှင် သတင်းမီဒီယာသမားနှစ်ဦး တက်ရောက်ရသည်ဖြစ်ရာ စုစုပေါင်း သတင်းမီဒီယာသမား ၂၀ တက်ရောက်ခဲ့ကြသည်။



**ဂျေဂျူးကျွန်း၏ ဆောင်းဦးလေညင်းနှင့် Olle လမ်းကြောင်း**

နိုဝင်ဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် အင်ချွန်းလေဆိပ်မှတစ်ဆင့် “ကိုရီးယား၏ ဟာဝိုင်ယီ”ဟု တင်စားခေါ်ဝေါ်ကြသော ဂျေဂျူးကျွန်း(Jeju Island)သို့ ဆက်လက်ထွက်ခွာသည်။ ဂျေဂျူးလေဆိပ်သို့ ရောက်ရှိချိန်တွင် အာဆီယံ-ကိုရီးယားစင်တာမှ တာဝန်ရှိသူများက နွေးထွေးစွာ ဆီးကြိုနှုတ်ဆက်ကြသည်။ Garam Dolsotbap စားသောက်ဆိုင်တွင် ကိုရီးယားရိုးရာ မြေအိုးထမင်းပူပူလေးဖြင့် နေ့လယ်စာသုံးဆောင်ပြီးနောက် ကျွန်တော်တို့၏ ပထမဆုံးခရီးစဉ် စတင်ခဲ့ပါသည်။

ပထမဆုံး ခြေချမိသည့်နေရာမှာ "Jeju Olle Trail Route 8" ဖြစ်သည်။ Olle ဆိုသည်မှာ ဂျေဂျူးဒေသသုံးစကားဖြင့် “**အိမ်ပြန်လမ်းကြားလေးများ**”ဟု အဓိပ္ပာယ်ရပြီး ယခုအခါ ကမ္ဘာကျော် လမ်းလျှောက်ခရီးသွား လည်ပတ်စရာနေရာများ ဖြစ်လာခဲ့ပါပြီ။ ထိုနေရာတွင် အာဆီယံ ၁၀ နိုင်ငံ၏ အထိမ်းအမှတ်ခုံတန်း (Benches)များ ထားရှိပေးသည်။ ပင်လယ်လေညင်းကို ခံစားရင်း ကျင်းပသည့် အာဆီယံ ၁၀ နိုင်ငံ၏ အထိမ်းအမှတ်ခုံတန်း (Benches) ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံ-ကိုရီးယား စင်တာ၏ အထွေထွေအတွင်းရေးမှူးချုပ် H.E Kim Jae Shin နှင့် ဂျေဂျူးပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Ms. Kim Ae Sook တို့က အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဂျေဂျူးဒေသခံ ကလေးငယ်များ၏ ချစ်စဖွယ် ရိုးရာအက ဖျော်ဖြေမှုများက ဧည့်သည်တော်များကို အမောပြေစေသည်။ အာဆီယံနိုင်ငံများမှ မီဒီယာသမားများက နိုင်ငံအလိုက် ခုံတန်းလေးများတွင် အမှတ်တရ ဓာတ်ပုံရိုက်ကြရင်း နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ခဲ့ကြသည်။ ထို့နောက် အာဆီယံ-ကိုရီးယား လမ်းလျှောက်ပွဲကို ဆက်လက်ဆင်နွှဲကြရာ ဂျေဂျူး၏ သဘာဝအလှတရားကို မြင်တွေ့ပြီး ချီးမွမ်းမဆုံး ဖြစ်ကြရသည်။ ညနေခင်းမှာတော့ Parnas ဟိုတယ်၏ Constella ခန်းမတွင် ဂုဏ်ပြုညစာစားပွဲဖြင့် ဧည့်ခံရာ ကိုရီးယားတို့၏ ဧည့်ဝတ်ကျေပွန်မှုကို ထိတွေ့ခွင့်ရခဲ့သည်။ ကျွန်တော့်အတွက် ကိုရီးယားဆိုသည်မှာ ဇာတ်လမ်းတွဲများနှင့်သာ ရင်းနှီးခဲ့ရာ ယခုတော့ သူတို့၏ ဖော်ရွေသည့်အပြုံးကို အနီးကပ် မြင်တွေ့ခွင့်ရခဲ့သည်။

**“ခရီးစဉ်၏ ရည်ရွယ်ချက်တစ်ခုမှာ မီဒီယာများကို ဖိတ်ခေါ်၍ နိုင်ငံ၏ အလှအပနှင့် တိုးတက်မှုများကို ပြသခြင်းဖြစ်ရာ ထိရောက်သော နည်းဗျူဟာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အာဆီယံတွင် မရှိသေးသော ထူးခြားသည့် ခရီးသွားနေရာများ၊ ကြွယ်ဝသော ယဉ်ကျေးမှုများနှင့် ရင်းနှီးဖော်ရွေသော ပြည်သူများ ရှိနေပါသည်။ ASEAN Journalists Invitation Program ကဲ့သို့သော အစီအစဉ်မျိုး မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက ကမ္ဘာ့အလယ်တွင် မြန်မာ့ပုံရိပ်ကို ပိုမိုတောက်ပစေနိုင်ပြီး နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်ရာတွင် အထောက်အကူဖြစ်နိုင်မည်”**

**ပင်လယ်၏ သမီးပျိုများ (သို့မဟုတ်) Haenyeo**

ခရီးစဉ်ဒုတိယနေ့ နံနက်ပိုင်းတွင် ဂျေဂျူးကျွန်း၏ အထင်ကရ သင်္ကေတတစ်ခုဖြစ်သော "Haenyeo" (ဟဲညော)ခေါ် ဂျေဂျူးရေသူမများနှင့် တွေ့ဆုံခွင့်ရခဲ့သည်။ ၎င်းတို့သည် ယူနက်စကို (UNESCO)၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် အမျိုးသမီးများ ဖြစ်ကြသည်။



ထူးခြားသည်မှာ အဆိုပါအမျိုးသမီးများသည် အောက်ဆီဂျင်ဘူး အကူအညီမပါဘဲ ပင်လယ်ရေနက်ထဲသို့ ငုပ်လျှိုးကာ ခရု၊ ကမာနှင့် ပင်လယ်စာများကို ရှာဖွေကြခြင်းဖြစ်သည်။ သူတို့၏ ဝတ်စုံပြည့် သရုပ်ပြမှုကို ကြည့်ရှုရင်း အံ့သြမင်တက်ခဲ့ရသည်။ တွေ့ဆုံမေးမြန်းခန်းတွင် ၎င်းတို့က ရေထဲတွင် ပေအနက် ၃၀ အထိ ဆင်းနိုင်ကြောင်း၊ ရာသီဥတုအပေါ် မူတည်၍ တစ်လလျှင် ၁၀ ကြိမ်ခန့် ရေငုပ်လေ့ရှိကြောင်း ရှင်းပြကြသည်။

“ကျွန်မတို့ရဲ့ အတတ်ပညာကို မျိုးဆက်သစ်တွေဆီ လက်ဆင့်ကမ်းပေးနိုင်ဖို့ ကြိုးစားနေပါတယ်။ ဂျပန်နိုင်ငံနဲ့ ဗီယက်နမ်အပါအဝင် အာရှနိုင်ငံတွေကိုလည်း သွားရောက်ပြီး သရုပ်ပြဖျော်ဖြေခဲ့ဖူးပါတယ်”ဟု အသက်အရွယ်ရသော်လည်း သန်စွမ်းတက်ကြွနေဆဲဖြစ်သော Haenyeo တစ်ဦးက ဂုဏ်ယူစွာ ပြောပြသည်။ သူတို့ ရှာဖွေရရှိသော လတ်ဆတ်သည့် ပင်လယ်စာများကို ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချသည်ဟု သိရသောအခါ ရိုးရာဓလေ့နှင့် စီးပွားရေးကို ဟန်ချက်ညီညီ ပေါင်းစပ်ထားမှုကို လေးစားအတုယူဖွယ် တွေ့မြင်ရသည်။

**မီဒီယာဖိုရမ်နှင့် ယဉ်ကျေးမှုတံတား**

“အာဆီယံ - ကိုရီးယား မီဒီယာဖိုရမ်”သည် ခရီးစဉ်၏ အနှစ်သာရဟုဆိုရမည်ဖြစ်သည်။ မီဒီယာဖိုရမ် အပိုင်း (၁)တွင် The Future of the ASEAN-Korea Comprehensive Strategic Partnership(CSP) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အပိုင်း(၂) တွင် The Future of ASEAN-Korea Cultural Ties :K-Culture as a bridge ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ ဒုတိယပိုင်းတွင် စာရေးသူက Panelist တစ်ဦးအဖြစ် ပါဝင်ဆွေးနွေးခဲ့သည်။ ဆွေးနွေးချက်ကို ကောက်နုတ်ဖော်ပြရပါမူ ပထမအချက်အနေဖြင့် ပြည်သူအချင်းချင်းချိတ်ဆက်မှု (People-to-People Connectivity)တွင် K-Pop၊ K-Drama နှင့် K-Beauty တို့သည် အာဆီယံလူငယ်များကြား ဘုံဘာသာစကားတစ်ခုသဖွယ် ဖြစ်လာပုံနှင့် ကိုရီးယားဇာတ်လမ်းတွဲများကြောင့် ကိုရီးယားဘာသာစကားကို လေ့လာသူများပြားလာသလို ကိုရီးယားသို့ လာရောက်လည်ပတ်လိုသူ အာဆီယံခရီးသွားများ တိုးပွားလာပုံကို ပြောပြသည်။

ဒုတိယအချက်မှာ တီထွင်ဖန်တီးမှုဆိုင်ရာ စီးပွားရေး (Creative Economy) ဖြစ်သည်။ ကိုရီးယားရုပ်ရှင်များ၏ အရည်အသွေးမြင့် ထုတ်လုပ်မှုနှင့် ဈေးကွက်ရှာဖွေပုံများသည် အာဆီယံနိုင်ငံများအတွက် အတုယူစရာ Case Study တစ်ခုဖြစ်ပြီး နှစ်ဖက်အနုပညာရှင်များ ပူးပေါင်းဆောင်ရွက်ပါက ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်မည့် အခွင့်အလမ်းများ ရှိနေသည်။

နောက်ဆုံး အချက်အနေဖြင့် ယဉ်ကျေးမှု သံတမန်ဆက်ဆံရေး (Cultural Diplomacy) သည် ဒေသတွင်း တည်ငြိမ်ရေးအတွက် အထောက်အကူပြုပြီး ကိုရီးယားဇာတ်လမ်းများတွင် တွေ့ရသည့် မိသားစုကို တန်ဖိုးထားမှု၊ လုံ့လဝီရိယရှိမှုတို့က အာဆီယံပြည်သူများ၏ စိတ်ဓာတ်နှင့် နီးစပ်မှုရှိသည်ကို မီးမောင်းထိုးပြခဲ့သည်။

**ဂျေဂျူးအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံခြင်း**

ညနေပိုင်းတွင် ဂျေဂျူးပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Young-hun နှင့် တွေ့ဆုံခွင့်ရခဲ့သည်။ အုပ်ချုပ်ရေးမှူးက ဂျေဂျူးကျွန်းသည် ပထဝီအနေအထားအရ သီးခြားဖြစ်နေသည့် ဒေသဖြစ်ရာ

*စာမျက်နှာ ၁၇ သို့*

# ဇမ္ဗူသီရိမြို့နယ်၌ ၂၀၂၅ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် နန်းဦးကျောင်းတိုက်၌ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဒီဇင်ဘာ ၆ ရက်က စတင်ဖြေဆိုသည်။



စာမေးပွဲများဖြေဆိုရာတွင် ဇမ္ဗူသီရိမြို့နယ် စာဖြေဌာန၌ ဖြေဆိုရန် စာရင်းပေးသွင်းထားသူ စုစုပေါင်း ၅၄ ဦးအနက် အဘိဓမ္မာ(ရိုးရိုး)၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)၊ ဝိသုဒ္ဓိမဂ်ဘာသာရပ်တို့အား ဖြေဆိုသူ သီလရှင် တစ်ပါး၊ အမျိုးသား လေးဦးနှင့်အမျိုးသမီး ၂၇ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ စာမေးပွဲများကို ဒီဇင်ဘာ ၆ ရက်မှ ၈ ရက်အထိ အဆင့်သုံးဆင့်သတ်မှတ်ကာ သုံးရက်ကြာကျင်းပခဲ့ပြီး စာမေးပွဲ ကျင်းပရာနေရာသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်းတို့က ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး စာဖြေပုဂ္ဂိုလ်များအား ရင်းနှီးစွာမိတ်ဆက်အားပေးစကားများ ပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



# ကန့်ကြီးထောင့်မြို့နယ်၌ ဆောင်းနေကြာဆီထွက်သီးနှံ စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**ကန့်ကြီးထောင့် ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းနေကြာဆီထွက်သီးနှံ စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့က ခုံဇင်ကုန်းကျေးရွာအုပ်စု အညာတန်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်စိုးနှင့် ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး ခုံဇင်ကုန်းကျေးရွာအုပ်စု အညာတန်းကျေးရွာရှိ ကွင်းအမှတ် - ၁၇၀/က၊ ဦးပိုင်အမှတ် - ၃၀၊ တောင်သူ ဦးမြင့်သန်း၏ လယ်ဧရိယာ ၁၀ ဧကတွင် Supersun- 41နေကြာမျိုးအား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကန့်ကြီးထောင့်(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးလက်လမ်းနှင့် သံကူကွန်ကရစ်တံတား တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မှော်ဘီ ဒီဇင်ဘာ ၇**

တိုက်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဂျိုးဖြူ-ပြည်လမ်းမကြီးမှ ကျီးပင်အင်း-သင်တောရိုးလမ်းအား မြေသားတာပေါင်ချဲ့၍ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် တိုက်ကြီး-လိမ္မော်ခြံ-ကိုင်းကွင်းကြီး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဂျိုးဖြူပိုက်လုံး ခုံးကျော်တံတားအား သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းများကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ဒေါက်တာ ထွန်းမြင့်အောင်နှင့် တာဝန်ရှိသူများက ကျီးပင်အင်း-သင်တောရိုးလမ်းအား အကျယ် ၂၂ ပေရရှိရန် မြေသားတာပေါင်ချဲ့၍ အရှည် ၀/၀.၃၅ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ၇ လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် တိုက်ကြီး-လိမ္မော်ခြံ-ကိုင်းကွင်းကြီး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဂျိုးဖြူပိုက်လုံး ခုံးကျော်တံတားအား သံကူကွန်ကရစ် အရှည် ပေ ၃၀ တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေး ပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲရုံပြုလုပ်မည့်နေရာများ၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ဦး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၈ ရက်က ကွင်းဆင်းစစ်ဆေးပြီး အသိပညာပေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ် မုဒုံမြို့၌ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ(ပထမပတ်)ကို ဒီဇင်ဘာ ၆ ရက်က မြို့နယ်အားကစားပြိုင်ဝင်းအတွင်းရှိ မီတာ ၄၀၀ ဘောလုံးကွင်း၌ ကျင်းပရာ မုဒုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်း ၆၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြစဉ်။ ရာမည(ပြန်/ဆက်)

*စာမျက်နှာ ၁၆ မှ*

မိတ်ဖက်များ လိုအပ်ကြောင်း၊ အာဆီယံကို အရေးကြီးသော မိတ်ဖက်ကွန်ရက်အဖြစ် သတ်မှတ်ကြောင်း ပြောကြားသည်။

"ကျွန်တော်တို့ဆီမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့ လေအားလျှပ်စစ် (Wind Turbine)ကို အဓိကထားအသုံးပြုပါတယ်။ ခရီးသွားလုပ်ငန်းက ကျွန်တော်တို့ရဲ့ အသက်သွေးကြောပါ။ ကိုဗစ်အလွန်ကာလမှာ ခရီးသွားလုပ်ငန်း ပြန်ပြီးဦးမော့လာဖို့နဲ့ တိုက်ရိုက်လေကြောင်းလိုင်းတွေ တိုးချဲ့ပျံသန်းနိုင်ဖို့ ကြိုးစားနေပါတယ်"ဟု ပြည်နယ်အုပ်ချုပ်ရေးမှူးက ဆိုသည်။ ဂျေဂျူးကျွန်း၏ စိမ်းလန်းသော စွမ်းအင်မူဝါဒနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များကို သိရှိခွင့်ရခဲ့သည်။

**စစ်မဲ့ဇုန် (DMZ) ဆီသို့**

တတိယနေ့တွင် ကိုရီးယားနိုင်ငံ၏ သမိုင်းဒဏ်ရာတစ်ခုဖြစ်သော စစ်မဲ့ဇုန် (DMZ)သို့ သွားရောက်လေ့လာခဲ့ကြသည်။ ငြိမ်းချမ်းလှပသော ဂျေဂျူးကျွန်းနှင့် လုံးဝကွဲပြားခြားနားသော ခံစားမှုကို ရရှိခဲ့သည်။

စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးက စည်းကမ်းချက်များကို ရှင်းပြသည်။ ကိုရီးယား နှစ်နိုင်ငံနယ်စပ်ဂိတ်သို့ ရောက်ရှိချိန်တွင် တောင်နှင့်မြောက် ကွဲကွာနေရရှာသော ပြည်သူများ၏ ဘဝနှင့်ကန့်သတ်ချက်များကို တစေ့တစောင်း သိခွင့်ရခဲ့သည်။ ဓာတ်ပုံရိုက်ကူးခွင့်မရှိသကဲ့သို့ ရှင်းပြချက်များမှာလည်း အလွတ်သဘောပြောဆိုခြင်းဖြစ်ရာ ဒီနေရာတွင် မဖော်ပြလိုပါ။ သို့သော် စစ်ပွဲ၏ အကျိုးဆက်ကို နှလုံးသားဖြင့် ခံစားမိသည်။ အတားအဆီးများ၏ ဟိုဘက်နှင့် ဒီဘက်သည် လူမျိုးတူသော်လည်း ကံကြမ္မာမတူကြတော့သည့် အဖြစ်မှန်က သင်ခန်းစာယူဖွယ်ကောင်းလှသည်။

**နိုင်ငံခြားရေးရာနှင့် စီးပွားရေးအခွင့်အလမ်း**

ခရီးစဉ်အတွင်း ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာ ဒုတိယဝန်ကြီး H.E Chung Eui-jae နှင့်လည်း တွေ့ဆုံခဲ့သည်။ ဒုတိယဝန်ကြီးက ကိုရီးယားအစိုးရအဆက်ဆက်အနေဖြင့် အာဆီယံနှင့် ဆက်ဆံရေးကို အလေးထားသည့် "New Southern Policy" မှာ ပြောင်းလဲမှုမရှိကြောင်း ပြောဆိုခဲ့သည်။ အာဆီယံသည် ကိုရီးယား၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး အနာဂတ်တွင် ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy)သို့ ဦးတည်သွားမည်ဟု ပြောကြားချက်များက နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု၏ ခိုင်မာမှုကို ပြသနေပါသည်။

စတုတ္ထနေ့တွင် တက်ရောက်ခဲ့သည့် **"၂၀၂၅ အာဆီယံကုန်စည်ပြပွဲ"** ဖွင့်ပွဲအခမ်းအနားမှာလည်း ထူးခြားသည်။ မြန်မာနိုင်ငံမှလည်း ဆိုင်ခန်း ၁၀ ခန်း ပါဝင်ပြသခဲ့ရာ ကိုရီးယားဈေးကွက်တွင် ရောင်းချနိုင်မည့် မြန်မာ့စားသောက်ကုန်များကို ဂုဏ်ယူဖွယ် တွေ့မြင်ခဲ့ရသည်။ အာဆီယံသံအမတ်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းခွင့်ရသဖြင့် မြန်မာ့ထုတ်ကုန်များ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်မည့် အခွင့်အလမ်းများကို တွေ့မြင်ခဲ့ရသည်။

**သမိုင်းနှင့် ယဉ်ကျေးမှုခရီး**

ဆိုးလ်မြို့ရှိ ကိုရီးယားအမျိုးသားပြတိုက်သို့ သွားရောက်လေ့လာရာတွင် ကိုရီးယားတို့၏ ရှည်လျားသော သမိုင်းကြောင်းနှင့် ဗုဒ္ဓဘာသာကိုးကွယ်မှုအစဉ်အလာများကို လေ့လာခွင့်ရခဲ့သည်။ နာကြည်းဖွယ် သမိုင်းကြောင်းများရှိခဲ့သော်လည်း ယနေ့အချိန်တွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်နိုင်အောင် ကြိုးပမ်းခဲ့မှုများကို ပြတိုက်ရှိ ပြကွက်များက သက်သေထူနေသည်။

ထို့နောက် အာဆီယံ - ကိုရီးယား စင်တာ (ASEAN-Korea Centre)သို့ သွားရောက်ကာ စင်တာ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ နှစ်ဖက်ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို လေ့လာခဲ့သည်။ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ အလှည့်ကျတာဝန်ထမ်းဆောင်နေပုံနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဗီဒီယိုမှတ်တမ်းများသည် စိတ်ဝင်စားဖွယ်ရာဖြစ်သည်။

ကျွန်တော်တို့၏ လေးရက်တာကြာ မြင့်ခဲ့သော ခရီးစဉ်သည် ရိုးရှင်းသော ခရီးသွားမှတ်တမ်းတစ်ခုမျှသာ မဟုတ်ပါ။ ကိုရီးယားနိုင်ငံက ၎င်းတို့၏ ယဉ်ကျေးမှု (Soft Power)ကို အသုံးပြု၍ နိုင်ငံပုံရိပ်ကို မြှင့်တင်နေပုံ၊ ခရီးသွားလုပ်ငန်းအား ပင်မဝင်ငွေလမ်းကြောင်းအဖြစ် ဆွဲဆောင်ပုံတို့ကို လက်တွေ့ကွင်းဆင်းလေ့လာခွင့်ရသည့် အဖိုးတန်ခရီးစဉ်တစ်ခု ဖြစ်သည်။

ခရီးစဉ်၏ ရည်ရွယ်ချက်တစ်ခုမှာ မီဒီယာများကို ဖိတ်ခေါ်၍ နိုင်ငံ၏ အလှအပနှင့် တိုးတက်မှုများကို ပြသခြင်းဖြစ်ရာ ထိရောက်သော နည်းဗျူဟာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အာဆီယံတွင် မရှိသေးသော ထူးခြားသည့် ခရီးသွားနေရာများ၊ ကြွယ်ဝသော ယဉ်ကျေးမှုများနှင့် ရင်းနှီးဖော်ရွေသော ပြည်သူများ ရှိနေပါသည်။ ASEAN Journalists Invitation Program ကဲ့သို့သော အစီအစဉ်မျိုး မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက ကမ္ဘာ့အလယ်တွင် မြန်မာ့ပုံရိပ်ကို ပိုမိုတောက်ပစေနိုင်ပြီး နိုင်ငံတကာ ခရီးသွားများကို ဆွဲဆောင်ရာတွင် အထောက်အကူဖြစ်နိုင်မည်ဟု ယုံကြည်ပါသည်။

နိုဝင်ဘာလ၏ ဆောင်းဦးရက်များတွင် ဂျေဂျူးကျွန်းမှ ပင်လယ်လေ၊ ဆိုးလ်မြို့မှ ခေတ်မီအဆောက်အအုံများနှင့် စစ်မဲ့ဇုန်မှ သမိုင်းသင်ခန်းစာများကို ရင်ဝယ်ပိုက်လျက် ကျွန်တော်တို့ သတင်းသမားနှစ်ဦးသည် အမိမြေသို့ ပြန်လာခဲ့သည်။ ခရီးစဉ်သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအတွက်သာမက မြန်မာ့မီဒီယာနှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အကျိုးကျေးဇူးများစွာ ရရှိစေခဲ့သည့် ခရီးတစ်ခုအဖြစ် ရှုမြင်မိပါတော့သည်။ ။



ကန့်ဘလူမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲ မြေစိုက်ပိုစတာစိုက်ထူခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို မြို့တော်ခန်းမအနီး၊ ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ ရွှေယက္ခကန်မြောက်ဘက်တွင် ဒီဇင်ဘာ ၇ ရက်က ဆောင်ရွက်စဉ်။
အောင်ဝင်းငြိမ်း(ကန့်ဘလူ)



ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှုမရှိစေရေး ပြည်သူများအားလုံး ပါဝင်၍ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေး ဒို့အတူတူမဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၈ ရက်တွင် မြို့နယ်ဌာနဆိုင်ရာများက နေပြည်တော် ပျဉ်းမနား မြို့နယ် ဗိုလ်တောက်ထိန်လမ်းဆုံနှင့် ပျဉ်းမနားမြို့မဈေး လူစည်ကားရာ နေရာများတွင် ဖြန့်ဝေပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



စစ်ကိုင်းမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေးနိုင်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာများ သိရှိနိုင်စေရေး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ဒို့အတူတူ မဲပေးကြမယ်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ဆိုင်းဘုတ်နှစ်ခုကို မန္တလေး-မုံရွာကားလမ်းမပေါ်ရှိ အသခ်ရာစောယွန်းအဝိုင်းတွင် ဒီဇင်ဘာ ၇ ရက်က စိုက်ထူပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ နေလင်းအောင်(ပြန်/ဆက်)



ကိုကိုးကျွန်းမြို့နယ်၌ မြို့နယ်ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ အားလုံးပါဝင်မဲပေးနိုင်ရေး "ဒို့အတူမဲပေးကြမယ်" ရွေးကောက်ပွဲ လက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၈ ရက်က မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာတွင် ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေစဉ်။ ထွန်းထွန်းဇော် (ပြန်/ဆက်)

# လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားတည်ဆောက်မည့်နေရာများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၈**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်မည့် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများသို့ ဒီဇင်ဘာ ၅ ရက်က နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်၊ တိုင်း/ခရိုင်/ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များနှင့် ဆောင်ရွက်သွားရမည့် အခြေအနေများကို မှာကြားခဲ့ကြောင်း သိရသည်။
မြို့နယ်(ပြန်/ဆက်)




နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ လယ်ဝေးမြို့နယ် အမှတ်(၇)ရပ်ကွက် အင်ဘုမီးပွိုင့်အနီးတွင် ဒီဇင်ဘာ ၈ ရက်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပရာ ဒို့အတူတူ မဲပေးကြမယ်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# ငပုတောမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့ပေးအပ်

**ငပုတော ဒီဇင်ဘာ ၈**

ငပုတောမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့ ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကွင်းအမှတ် (၁၃၈၈) တောင်သူ ဦးမောင်ကြိုင်၏ လယ်မြေ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက ဆောင်းနေကြာစိုက်ပျိုးရာ၌ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးနည်းစနစ်နှင့် သတ်မှတ်ကေ အထွက်တိုးပြီး ပြည့်မီအောင် စိုက်ပျိုးခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ် တိုးတက်မြင့်မားရေး ကော်မတီများနှင့် တာဝန်ရှိသူများက ဆောင်းဆီထွက်သီးနှံ Suryakiran အိန္ဒိယနေကြာမျိုးစေ့များ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။
**အောင်သူ(ပြန်/ဆက်)**

# ဇီးကုန်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ဇီးကုန်း ဒီဇင်ဘာ ၈**



ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း (အထက-မြို့မ)၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မိုးက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများကို အသိပညာပေး ဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက စာဖတ်ရှိန်မြှင့်တင်ရေး အကြောင်းကို အသိပညာပေး ဟောပြောကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**တင့်ဆွေ(ပြန်ဆက်)**

# ခန္တီးမြို့၌ စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ထောက်ပံ့ပစ္စည်းများပေးအပ်

**ခန္တီး ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် အခြေခံ/အဆင့်မြင့်စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ခန္တီး) ကျန်စစ်သားခန်းမ၌ ကျင်းပသည်။

ဦးစွာ ခန္တီးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ထက်က သင်တန်းဆင်းအမှာစကားပြောကြားပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဖြိုးမောင်မောင်က သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံယူသည်။



ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စုလတ်စိုးတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်ရာ ထူးချွန်ဆုရသင်တန်းသူများက လက်ခံယူသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁ရက်မှ ၃၀ ရက်အထိ တစ်လကြာ ဖွင့်လှစ်ပြီး သင်တန်းသူ ၁၅ ဦး တက်ရောက်ကာ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **ကမ်းကီး(ပြန်/ဆက်)**



# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားသိုပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးရှိ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များ ထိန်းသိမ်းထားသို ပြင်ဆင်ထားရှိမှုများကို ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အတွင်းရေးမှူးက စက်များအား Control Unit ပိုင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ Ballot Unit ပိုင်းပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ထိန်းသိမ်းထားသိုမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်

"လူမှုစီးပွားဘဝမြှင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"

# "ပြည်သူကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ကြိုတင်မြော်တွေးချက်နဲ့ ပြည်သူ့အကျိုးအတွက် နွေးထွေးတဲ့ကမ်းလင့်ချက်"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဒီဇင်ဘာ ၁၇ ရက်မွန်းလွဲ ၁ နာရီတွင် **"ရွေးကောက်ပွဲ မကျင်းပနိုင်ရေး နှောင့်ယှက်ဖျက်ဆီးရုံမက အကြမ်းဖက်ဝါဒ စွဲကိုင်ပြီး ဒလန်ခေါင်းစဉ်တပ် ဖျက်ဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# တာချီလိတ်ခရိုင်အတွင်း ပညာရေး၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ မြှင့်တင်ဆောင်ရွက်ရေး ကွင်းဆင်းဆောင်ရွက်


**တာချီလိတ် ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၅ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်း ပညာရေး၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် အခြေခံပညာ ကျောင်းများနှင့် ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးက တာချီလိတ်မြို့နယ်ရှိ ပညာရေးဝန်ထမ်းများနှင့် အထက (တာချီလိတ်) ကျောင်းခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်ခင်ဝင်းကြည်နှင့် ကျောင်းအုပ်ဆရာ ဆရာမများက ပညာရေးဆိုင်ရာကဏ္ဍနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ကျောင်းတွင်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပြည်သူများ အားကိုး၊ အားထားရသည့်ပြည်သူ့ဆေးရုံဖြစ်စေရေးအတွက် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ ကျိုင်းတုံပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ တိုးမောင်က ကာကွယ်ရေး၊ ကုသရေး၊ အသိပညာပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်း အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အထက-ခွဲ (မယ်ဟုတ်)ကျောင်းဝင်းအတွင်း Clean And Green ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ကျောင်းဆောင်သစ် အလျား ပေ ၁၀၀၊ အနံပေ ၃၀ RCC နှစ်ထပ်



တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တာလေမြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် ကျိုင်းလပ်မြို့ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ဌာနဆိုင်ရာ၊ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် မှာကြားသည်။

ယင်းနောက် ကျောင်းဝင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာလေ၊ ကျိုင်းလပ် တိုက်နယ်ဆေးရုံများတွင် ဆေးကုသမှုခံယူနေသည့် ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

(၈-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃၀-၁၁-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇-၁၂-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**
**(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## မူးယစ်ဆန့်ကျင် အောင်ပွဲဝင်၊ ရှောင်လေဝေးဝေး မူးယစ်ဆေး

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဒီဇင်ဘာလ အားကစားပြိုင်ပွဲများနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၂) ရပ်ကွက်ရှိ မဟာနွယ် ကိုယ်ပိုင်အလယ်တန်းကျောင်း၌ ဒီဇင်ဘာလ အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။


အခမ်းအနားတွင် မဟာနွယ်ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဘဆွေက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစည်သူမောင်မောင်က အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ဒီဇင်ဘာလ အားကစားလအထိမ်းအမှတ်အဖြစ် ကာယ၊ ဉာဏပြိုင်ပွဲများကို ကျင်းပသည်။

ဒီဇင်ဘာလအားကစားပြိုင်ပွဲများ ကျင်းပရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**




# ရွေးကောက်ပွဲနှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသည့်နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန် ဆန္ဒမဲပေးနိုင်ရေးအတွက် "ဒို့အတူတူ မဲပေးကြမယ်" ရွေးကောက်ပွဲနှိုးဆော်ရေး အသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့"၊ "လှမ်းစို့ကူညီမဲရုံဆီ ဒီမိုကရေစီဖော်ဆောင်မည်"၊ "ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီးမဲပေးစို့" စာသားပါ မြေစိုက်ပိုစတာတို့ကို မြို့နယ်များရှိ လူစည်ကားရာနေရာများတွင် ဆောင်ရွက်ခဲ့ကြသည်။


ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
နေမျိုးအောင်(ပြန်/ဆက်)


ဟိုပုံး
ပအိုဝ်းဒေသ(ပြန်/ဆက်)


ဒက္ခိဏ
အောင်သူရဦး(ဒက္ခိဏ)



ရေဖြူ
ခတ္တာ


လားရှိုး
ခရိုင် (ပြန်/ဆက်)


တွံတေး
မျိုးလှိုင် (တွံတေး)


ခန်တီး
ကမ်းကြီး(ပြန်/ဆက်)


ပဲခူး
ခရိုင် (ပြန်/ဆက်)



ဒလ
ခင်စန္ဒာမြင့် (ပြန်/ဆက်)


ရွှေဘို
ခရိုင် (ပြန်/ဆက်)


ဖေယျာသီရိ
ထွန်းလင်း(ဖေယျာမြေ)


တပ်ကုန်း
တင်စိုးလွင် (ပြန်/ဆက်)

## ၇-၁၂-၂၀၂၅ ရက် မြန်မာ့အလင်းသတင်းစာပါ လေလံကြော်ငြာနှင့် ပတ်သက်၍ အသိပေးကြေညာခြင်း

၇-၁၂-၂၀၂၅ ရက် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၂၅ တွင် ကြော်ငြာထားသည့် ဘားအံမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ထုခွဲအဆင့်ရောက် စက်ဆီ/ချောဆီနှင့် လူသုံးကုန်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း(၁၆-၁၂-၂၀၂၅)ရက်တွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းအား ခေတ္တဆိုင်းငံ့ပြီး ထပ်မံအသိပေး ကြေညာသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့၊ ဘားအံမြို့**

## မွေးသက္ကရာဇ်အမှန်

သာယာဝတီမြို့၊ ကွက်သစ်၊ ငြိမ်းချမ်းရေး လမ်းနေ (ဘ) ဦးသန်းမောင်၏သမီး ဒေါ်နီလာခိုင် ၇/သဝတ(နိုင်)၀၇၅၄၆၈ ၏ မွေးသက္ကရာဇ်အမှန်မှာ- ဆန်း ၁၅-၆-၁၃၄၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ ခရိုင်၊ မိုးညိုမြို့နယ်၊ အထက ထွင့်မြတ်ကျောင်း Grade-11မှ မောင်ဝင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးစန်းအေး ၇/မညန(နိုင်)၀၀၄၆၈၃ဖြစ်ပါကြောင်း။

**ဦးစန်းအေး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
### အောင်မြေသာစံခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၂၃

၁။ ဦးဇော်နိုင်ရင် (ကိုယ်တိုင်နှင့်(၂)တရားလို၏ အခွင့်ရ ကိုယ်စားလှယ်)
၂။ ဒေါ်မြင့်မြင့်ရွှေ

နှင့်

၁။ ဦးအောင်သိန်းဝင်း
၂။ ဦးဝင်းနိုင်ရင်(ကိုယ်တိုင်နှင့် (၃)တရားပြိုင်၏ အထွေထွေ ကိုယ်စားလှယ်စာရသူ)
၃။ ဒေါ်ခိုင်ခိုင်ရီ
၄။ ဦးအောင်မြင့်
၅။ ဦးအောင်မြင့်ရွှေ
၆။ ဒေါ်ကင်းလှိုင်
၇။ ဦးအောင်ဇော်
၈။ ဒေါ်ခင်ခင်ဝင်း
၉။ ဒေါ်ခိုင်ခိုင်ရင်
၁၀။ ဦးအောင်မွန်

**တရားလိုများ** **တရားပြိုင်များ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီ အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၈/၂၉)၊ ၈၁လမ်း၊ ၈၂x၈၃လမ်းကြားနေ ၁။ ဦးအောင်မြင့်။ ၂။ ဦးအောင်မြင့်ရွှေ၊ ၃။ ဒေါ်ကင်းလှိုင်၊ ၄။ ဦးအောင်ဇော်၊ ၅။ ဒေါ်ခင်ခင်ဝင်း၊ ၆။ ဒေါ်ခိုင်ခိုင်ရင်၊ ၇။ ဦးအောင်မွန်၊ (တစ်အိမ်တည်း အတူနေ မိသားစုညီအစ်ကို မောင်နှမများ) (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်၊ (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ညိုမီလတ်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
အောင်မြေသာစံခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
### စေတုတ္တရာမြို့နယ်တရားရုံးတော်၌
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

တပ်ကြပ်ကြီးကျော်ကျော်ဌေး (တရားလို) နှင့် ဒေါ်ကျော့ကေခိုင် (တရားပြိုင်)

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့၊ အမှတ်(၁)ရပ်ကွက်ရပ်နေ တရားပြိုင် ဒေါ်ကျော့ကေခိုင် (ဘ) ဦးစန်း(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို တပ်ကြပ်ကြီးကျော်ကျော်ဌေးက အကြင်လင်မယားအဖြစ် မှကွာရှင်းပြတ်စဲ ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီဟအောင်)
မြို့နယ်တရားသူကြီး
စေတုတ္တရာမြို့နယ်တရားရုံး

## ကွယ်လွန်သူတရားပြိုင်၏ တရားဝင်ကိုယ်စားလှယ်ထံသို့ပေးရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၄)
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၂၆၄

ဦးဇော်ဦး နှင့်
၁။ ဦးကြည်ခိုင်
၂။ ဒေါ်ဇာဇာမြင့်(ကွယ်လွန်သူ ဦးမင်းဟန်၏တရားဝင်ကိုယ်စားလှယ်)
၃။ မငြိမ်းငြိမ်း
၄။ မယဉ်ယဉ်နွဲ့(ခ)ယဉ်ယဉ်မြင့်

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

အယူခံတရားပြိုင်(၂) ဒေါ်ဇာဇာမြင့်(ကွယ်လွန်သူ ဦးမင်းဟန် ၏ တရားဝင်ကိုယ်စားလှယ်)၊ (ဘ)ဦးမြင့်သိန်း ၉/အမရ(နိုင်)၁၅၃၇၃၈၊ ကျွန်တန်း တိုးချဲ့ရပ်ကွက်(၂)၊ အမရပူရမြို့နယ်၊ အမရပူရခရိုင်၊ မန္တလေးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်တွင် အယူခံတရားလို ဦးဇော်ဦးက ဤရုံး၌ အယူခံတရားပြိုင် ဦးကြည်ခိုင် ပါ (၄) အပေါ်တွင် တရားစွဲဆိုရာ သင်သည် ဆိုခဲ့သော ကွယ်လွန်သူ(၂)အယူခံတရားပြိုင် ဦးမင်းဟန်၏ တရားဝင်ကိုယ်စားလှယ် ဖြစ်ကြောင်း၊ ၎င်းကွယ်လွန်သူ၏ အစား သင့်ကို (၂)အယူခံတရားပြိုင်အဖြစ် ထည့်သွင်းပါမည့်အကြောင်း အယူခံတရားလိုက လျှောက်ထားသောကြောင့် ၎င်းအမှုကို ထုချေရန် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် လာရောက်ရမည်။ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် ဆိုခဲ့သော အမှုကို သင့်မျက်ကွယ်တွင် ဆိုင်ဆိုကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွင့်ဖြိုးလင်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## ကွယ်လွန်သူ လျှောက်ထားခံရသူ၏ တရားဝင်ကိုယ်စားလှယ်ထံသို့ ပေးရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ-၄)
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၂၂၁

၁။ ဦးဇော်ဦး
၂။ ဒေါ်ယဉ်ယဉ်နွဲ့(ခ) ယဉ်ယဉ်မြင့်

နှင့်

၁။ ဦးကြည်ခိုင်
၂။ ဒေါ်ဇာဇာမြင့် (ကွယ်လွန်သူ ဦးမင်းဟန်၏ တရားဝင်ကိုယ်စားလှယ်)
၃။ ဒေါ်ငြိမ်းငြိမ်း

**လျှောက်ထားသူများ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ(၂) ဒေါ်ဇာဇာမြင့်(ကွယ်လွန်သူ ဦးမင်းဟန်၏ တရားဝင်ကိုယ်စားလှယ်)၊ (ဘ)ဦးမြင့်သိန်း ၉/အမရ(နိုင်)၁၅၃၇၃၈၊ ကျွန်တန်း တိုးချဲ့ရပ်ကွက်(၂)၊ အမရပူရမြို့နယ်၊ အမရပူရခရိုင်၊ မန္တလေး တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၄ ခုနှစ်၊ မေလ (၃) ရက်တွင် လျှောက်ထားသူ ဦးဇော်ဦးပါ၂က ဤရုံး၌ လျှောက်ထားခံရသူ ဦးကြည်ခိုင် ပါ၃ အပေါ်တွင် တရားစွဲဆိုရာ သင်သည် ဆိုခဲ့သော ကွယ်လွန်သူ(၂)လျှောက်ထားခံရသူ ဦးမင်းဟန်၏ တရားဝင်ကိုယ်စားလှယ် ဖြစ်ကြောင်း၊ ၎င်းကွယ်လွန်သူ၏ အစား သင့်ကို (၂) လျှောက်ထားခံရသူအဖြစ် ထည့်သွင်းပါမည့်အကြောင်း လျှောက်ထားသူက လျှောက်ထားသောကြောင့် ၎င်းအမှုကို ထုချေရန် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် လာရောက်ရမည်။ အထက်ပါနေ့ ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် ဆိုခဲ့သောအမှုကို သင့်မျက်ကွယ်တွင် ဆိုင်ဆိုကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွင့်ဖြိုးလင်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်၊ စည်ပင်ဝင်း၊ တိုက် (၂) ပြည်နယ်ရဲရုံးရှေ့နေ ဒေါ်မေနွဲ့အောင် ၁၃/တကန(နိုင်)၀၈၅၈၁၈ နှင့် တောင်ကြီးမြို့နယ်၊ တောင်လေးလုံးကျေးရွာ၊ မြဘုရင် သကြားစက်နေ ဒေါ်မေထူးအောင် ၁၃/တကန(နိုင်)၀၈၅၅၇၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ကြေညာအပ်ပါသည်-

(၂၈-၁၁-၂၀၂၅) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၀)ပါ ရှေ့နေ ဦးဇော်ဝင်းထွန်း အမည်ဖြင့် ကြေညာခဲ့သည့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းစာမှာ ပြည့်စုံမှန်ကန်မှုမရှိကြောင်း သိရှိရပါသည်။ တောင်ကြီးမြို့၊ ချမ်းသာရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အိမ်အမှတ် မ/၁၀၄ နေအိမ်ဥပစာ တည်ရှိရာကွင်း/ အကွက်အမှတ်နှင့် အမည်-၃၅/ မြို့မရပ်၊ ဦးပိုင်အမှတ် ၂၆၄၊ မြေကွက်အမှတ် (403) ဧရိယာ ၀.၀၆၆ဧကရှိ မြေကွက်ဥပစာကို မြေငှားဂရန် အမှုတွဲအမှတ် ၆၆/၁၉၇၇ အရ အမည်ပေါက်ခဲ့သူ ဒေါ်ထားကြည်နှင့် ဒေါ်ထားရီတို့တွင် သွေးရင်းသားရင်းအမွေဆက်ခံခွင့်ရှိသူများ ကျန်ရှိခြင်းလုံးဝမရှိဘဲ အနီးစပ်ဆုံး အမွေဆက်ခံခွင့်ရှိသူများအဖြစ် ဦးသန့်လှိုင်နှင့် ဒေါ်မလေး(ခ)မမေပြုံး တို့အပြင် ဦးကျော်ဇင်၊ ဒေါ်ဝင်း၊ ဒေါ်မေနွဲ့အောင် ၁၃/တကန(နိုင်)၀၈၅၈၁၈ နှင့် ဒေါ်မေထူးအောင် ၁၃/ တကန(နိုင်)၀၈၅၅၇၀ တို့နှင့် အခြားသော ဝမ်းကွဲမောင်နှမများ၊ ဆွေမျိုးသားခြင်းများ၊ အများအပြား ကျန်ရှိနေသေးကြောင်း သိရှိရပါ သည်။ သို့ဖြစ်၍ လူကြီးမင်း၏ ကြေညာစာပါ ဖော်ပြချက်မှာ ပြည့်စုံမှန်ကန်မှုမရှိသည့်အတွက် သက်ဆိုင်သူများက ကန့်ကွက်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇင်ထွန်းLL.B (တရားလွှတ်တော်ရှေ့နေ)(စဉ်- ၁၉၆၄၁/၇-၇-၂၀၂၅)
အမှတ် ရ/၃၀၉၊ သီတဂူလမ်း၊ ရွှေတောင်ရပ်ကွက်၊ တောင်ကြီးမြို့

## ကွယ်လွန်သူ လျှောက်ထားခံရသူ၏ တရားဝင်ကိုယ်စားလှယ်ထံသို့ ပေးရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၄)
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၁၉၉

၁။ ဦးဇော်ဦး
၂။ ဒေါ်ယဉ်ယဉ်နွဲ့(ခ) ယဉ်ယဉ်မြင့်

နှင့်

၁။ ဦးကြည်ခိုင်
၂။ ဒေါ်ဇာဇာမြင့်(ကွယ်လွန်သူ ဦးမင်းဟန်၏ တရားဝင်ကိုယ်စားလှယ်)
၃။ ဒေါ်ငြိမ်းငြိမ်း

**လျှောက်ထားသူများ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ (၂) ဒေါ်ဇာဇာမြင့်(ကွယ်လွန်သူ ဦးမင်းဟန်၏ တရားဝင်ကိုယ်စားလှယ်) (ဘ)ဦးမြင့်သိန်း ၉/အမရ(နိုင်)၁၅၃၇၃၈၊ ကျွန်တန်းတိုးချဲ့ရပ်ကွက် (၂)၊ အမရပူရမြို့နယ်၊ အမရပူရခရိုင်၊ မန္တလေး တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် လျှောက်ထားသူ ဦးဇော်ဦးပါ၂က ဤရုံး၌ လျှောက်ထားခံရသူ ဦးကြည်ခိုင် ပါ (၃) အပေါ်တွင် တရားစွဲဆိုရာ သင်သည် ဆိုခဲ့သော ကွယ်လွန်သူ(၂)အယူခံတရားပြိုင် ဦးမင်းဟန်၏ တရားဝင်ကိုယ်စားလှယ် ဖြစ်ကြောင်း၊ ၎င်းကွယ်လွန်သူ၏ အစား သင့်ကို (၂) လျှောက်ထားခံရသူအဖြစ် ထည့်သွင်းပါမည့်အကြောင်း လျှောက်ထားသူက လျှောက်ထားသောကြောင့် ၎င်းအမှုကို ထုချေရန် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် လာရောက်ရမည်။ အထက်ပါနေ့ ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် ဆိုခဲ့သောအမှုကို သင့်မျက်ကွယ်တွင် ဆိုင်ဆိုကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွင့်ဖြိုးလင်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ ၁၂လမ်း၊ (A)တိုက်(၁၈)၊ အခန်း(၀၀၂)ပိုင်ဆိုင်သော ဒေါ်ခင်သီတာ ၈/ မကန(နိုင်)၁၀၃၈၃၃ ၏ ကားနံပါတ် (GG/7866) ၏ CNG(Gas) စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

ဖုန်း-၀၉- ၂၅၈၇၄၉၉၂၆

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အလကမိုးကောင်းကျောင်းတွင် ဒုတိယအလယ်တန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်မြတ်စုဝင်း၏ ဖခင်အမည်မှန်မှာ ဦးလှငြိမ်း (ခ)ဦးလှညိမ် ၉/စကတ(နိုင်)၀၃၀၁၃၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အလိမ္မာ စာမှာရှိ

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မှော်တောင်ရပ်ကွက်၊ အကွက် အမှတ်(၄၀၆)၊ ဦးပိုင်အမှတ်(၇၃-အ)၊ ဧရိယာ (၀.၀၅၆၄)ဧက အကျယ်အဝန်းရှိ ဒေါ်စန္ဒာမြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့် အခွင့်အရေး အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပြီး တရားဝင်ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်စန္ဒာမြင့် (ဘ)ဦးမြင့် ၁၂/ အစန(နိုင်)၀၅၉၂၇၄ထံမှ ကျွန်တော် ဦးဝင်းနိုင်(ဘ)ဦးစိုင်းရီ ၁/မညန(နိုင်)၁၅၄၁၃၂ကရောင်းကြေးငွေများကို အပြေအကြေ ပေးချေ၍ ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

အဆိုပါ ဝယ်ယူပိုင်ဆိုင်သည့်အချိန်မှစ၍ ယနေ့အထိ တစ်ဆက်တည်း အဆက်မပြတ် လက်ရှိထားကာ တရားဝင်ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ကျွန်တော် ဦးဝင်းနိုင်၏ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကျူးကျော်ခြင်း၊ ဝင်းခြံခတ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်း လွှဲပြောင်းခြင်း စသည့် အခြားနည်းတစ်စုံတစ်ရာ ဆောင်ရွက်ခြင်းများ မပြုလုပ်ရန်နှင့် ပြုမူဆောင်ရွက်လာပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းနိုင်
၁/ မညန(နိုင်)၁၅၄၁၃၂၊
ဖုန်း- ၀၉- ၄၃၁၄၈၀၉၂

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်၊ အိမ်ရာစီမံကိန်းအတွင်းရှိ Star City Galaxy Tower-2၊ တိုက် C-2၊ အခန်းအမှတ် (204A)၊ အခန်းအမျိုးအစား (Studio)၊ အကျယ်အဝန်း (412)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး၊ အပါအဝင် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိ လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ မိမိသာလျှင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ချစ်စုဝေ ၁၂/ အလန(နိုင်) ၀၃၈၅၉၉ထံမှ ဒေါ်အန်ဂျလာဆဲလ်ဗီ ၁၂/မဂတ(နိုင်)၀၃၀၃၈၉က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝယ်ယူသူ အမည်သို့ ပြောင်းလဲခြင်းကိစ္စကိုလည်း Star City Galaxyရှိ တာဝန်ရှိသူများထံတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်အိစန္ဒာကျော်(LL.B) ဦးအာကာဦး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၇၀) အထက်တန်းရှေ့နေ (စဉ်-၅၄၇၆၄)
အမှတ် ၁၂၊ ပထမထပ်နှင့် ဒုတိယထပ်၊ အနော်ရထာလမ်း
(ပန်းဆိုးတန်းလမ်းထောင့်)၊(၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၁၉၀၇၀၇၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၃၂၆၆၂ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်းဦး ၁၀/မလမ(နိုင်)၁၉၄၃၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/77235, THAI ANBO 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုသက် ၉/မဟမ(နိုင်)၀၄၅၈၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 66W/52164 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## အများသိစေရန်ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ သင်ပန်းကုန်းအုပ်စု၊ ကျောင်းဖြူကုန်းကျေးရွာရှိ အလျား (၁၀၅) ပေ၊ အနံ (၂၆) ပေ မြေနေရာအား ယခင်ပိုင်ရှင် ဒေါ်ယဉ်မြ ၉/ရမသ(နိုင်)၀၄၇၃၀၅ သည် တရားဝင်ပိုင်ဆိုင်၍ အပြီးအပိုင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဖြစ်၍ ကျွန်တော် ဦးကျော်ဇင်လင်း ၉/ခမစ(နိုင်)၀၁၁၁၁၂ သည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် အဆိုပါမြေကွက်အား အပြီးအပိုင် ဝယ်ယူပြီး ဖြစ်ပါသည်။ ယခုအခါ ထိုမြေကွက်ပေါ်တွင် အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါ၍ ထိုမြေကွက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးကျော်ဇင်လင်း၊ ၉/ခမစ(နိုင်)၀၁၁၁၁၂**
ဖုန်း-၀၉-၂၂၂၁၁၉၀

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ -၂၂)**

**မုံရွာမြို့နယ်တရားရုံးတော်**

**၂၀၂၅-ခုနှစ်၊ တရားမကြီးမှုအမှတ်-၉နှင့် ဆက်နွှယ်သည့် ၂၀၂၅-ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆**

ဒေါ်အေးအေးသက် နှင့် ဒေါ်ခင်နိုင်ဇင်(ခ)ဒေါ်နိုင်ဇင်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒေါ်ခင်နိုင်ဇင်(ခ)ဒေါ်နိုင်ဇင်(ဘ)ဦးလှအောင်ကြည် ရွှေပြည်အေး အမှတ်(၅)ရပ်ကွက်၊ အလုံမြို့၊ မုံရွာမြို့နယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၅-ခုနှစ်၊ တရားမကြီးမှုအမှတ်-၉ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅-ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်(၁၃၈၇ ခုနှစ်၊ နတ်တော်လကွယ် (၁၄) ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် ဤ ရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅-ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရန်နိုင်ဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၇)**
**မုံရွာမြို့နယ်တရားရုံး**

## အမည်ပြောင်း

ဦးရန်အောင်-ဒေါ်ထားထားမြင့်တို့၏သား တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(၁) Grade-(5-C)မှ မောင်ဘုန်းသုတကို အား ယနေ့မှစ၍ မောင်အောင်ခန့် အဖြစ် ပြောင်းလဲခေါ်ဆိုပါရန်။

## ပတ်စ်ပို့ပျောက်

လဲချားမြို့၊ ရပ်ကွက်(၄)နေ (ဘ)ဦးပိုက်ထွေး၏ သမီး နန်းခမ်းလှိုင်း ၁၃/လခန(နိုင်)၀၅၈၉၀၂ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉- ၂၆၈၃၈၃၇၈၀**

## ပြင်ဆင်ဖတ်ရှုပါရန်

(၇-၁၂-၂၀၂၅)ရက်စွဲပါ မြန်မာ့အလင်း သတင်းစာ(ကြော်ငြာ)တွင် ဦးဖြိုးသက်ဝင်း (တရားလွှတ်တော်ရှေ့နေ)၏ အများသိစေရန် ကြော်ငြာ၌ ဒေါ်ခင်မို့မို့ (၇/ပမန(နိုင်) ၀၃၂၆၆၂) နှင့် မလွှကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သူဌေးလမ်းဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/27348, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ထွေး ၉/မရတ(နိုင်)၁၁၆၄၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၄၅၇)၊ လက်ရွေးရပ်ကွက်နေ ဦးတင်ညွန့်(ဘ)ဦးကံစ ၉/မနတ(နိုင်) ၀၄၄၆၉၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ကမ်းနားလမ်းအနောက်၊ ရှမ်းကလေးကျွန်းကျေးရွာအုပ်စုရှိ ကွင်းအမှတ် (၆၀၅-က)၊ ဦးပိုင်အမှတ်(၁၉၉/၂)၊ ဧရိယာ (၁ဒသမ၈၀)ဧက အကျယ်ဝန်းရှိ ကိုင်းမြေအမျိုးစားမြေကွက်သည် ဦးတင်ညွန့် ပုံစံ(၇) အမည်ပေါက်ပိုင်ဆိုင်ပြီး မြေကွက်ဖြစ်ပါသည်။ ယင်းကိုင်းမြေ မြေကွက်အား ဦးတင်ညွန့်မှ မည်သူတစ်ဦးယောက်မျှ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်းတို့ တစ်စုံတစ်ရာမှ ပြုလုပ်ဆောင်ရွက်ခြင်း လုံးဝ မရှိပါ။

အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကျွန်တော် ဦးတင်ညွန့်သာလျှင် လက်ရှိစီမံခန့် ခွဲပိုင်ခွင့်၊ ပိုင်ဆိုင်အသုံးပြုခွင့်ရှိသော မြေဖြစ်ပြီး မြေကွက်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ဦး ဦးပိုင်ခွဲစိတ်ခြင်း၊ ပိုင်ဆိုင်ခွင့်တစ်စုံတစ်ရာ လျှောက်ထားလာပါက ကန့်ကွက်ပါကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနနှင့် သက်ဆိုင်ရာရုံးဌာနအသီးသီးသို့ ကန့်ကွက်ထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးတင်ညွန့်** | **ဒေါ်ချိုချိုဝင်း(LL.B,LL.M)** |
| **ဖုန်း-၀၉-၄၄၁၀၀၉၄၂၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၉၅)** |
| | **အကွက်(၄၅၇)၊ လက်ရွေးရပ်ကွက်၊** |
| | **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊** |
| | **ဖုန်း-၀၉-၇၉၇၇၅၄၁၆၈** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၈)၊ လူနေရပ်ကွက်အမှတ်(၁၀၈)၊ မြေကွက်အမှတ်(၃၈၈)ဟု ခေါ်တွင်သော မြေချပါမစ်မူရင်းတွင် ဦးတင်လှဦး(ISN-၄၄၅၉၉၂) အမည်ပေါက်ပိုင် အလျား(၄၀)ပေ၊ အနံ (၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဇန်ဟွိုင်း ၁၃/တကန(နိုင်) ၀၁၆၃၃၉ထံမှ ကျွန်ုပ် တို့၏မိတ်ဆွေဖြစ်သော ဒေါ်ခိုင်ရည်မွန် ၁၂/ဥကတ(နိုင်) ၁၆၈၇၆၂မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ရည်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့်(LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **အထက်တန်းရှေ့နေ စဉ်-၅၃၁၅၀(၃၀-၆-၂၀၂၀)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(စ/၆၉၇)၊ ဦးဇော်မြင့် အမည်ပေါက် စလစ်မူရင်း၊ ဧရိယာ (၆၀x၄၀)ပေအတွင်း ၊ အရှေ့ဘက်ခြမ်း( ၃၀ x၄၀) ပေအတွင်းမှ အနောက်ဘက်ခြမ်း ( ၁၅ x၄၀) ပေမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသည့် ဒေါ်သိမ့်သိမ့်ဝင်း(ဘ) ဦးတင်ဝင်း ၉/မဟမ(နိုင်)၀၀၇၇၁၃ ထံမှ ဒေါ်အေးအေးခိုင် (ဘ)ဦးညိုမောင် ၁၂/ဒဂရ(နိုင်)၀၁၀၅၁၁ သည် ဝယ်ယူရန်အတွက် စရန်ငွေ ကျပ် (၁၀,၀၀၀,၀၀၀/-)(ငွေကျပ် သိန်းတစ်ရာတိတိ)ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့်တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံမှတစ်ဆင့်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အောင်မြင်ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်အေးအေးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မို့မို့ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၁)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့၊ ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၆၀၀၀၂၅၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/95400, Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ငွေ ၃/ကကရ(နိုင်)၀၁၃၀၁၂ သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ) တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် FF/8588, Toyota Probox,S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ပြည့်ပြည့်ဖြိုး ၁၂/အစန(နိုင်)၂၀၂၄၁၉ သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ) တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

မိတ္ထီလာမြို့နယ်၊ မင်းတဲကုန်းကျေးရွာနေ ကျွန်မ ဒေါ်အုံးခင် MTLA-005718 ၏ သမီးဖြစ်သူ မစန္ဒာဖြိုး ၉/မထလ(နိုင်) ၃၃၄၃၂၆ သည် အုပ်ထိန်းသူမိခင်၏ ဆိုဆုံးမမှုကို နာယူခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ကာ မိမိသဘော ဆန္ဒအလျောက်သာ ပြုမူနေထိုင်နေ၍ ၎င်းအား ယနေ့မှစပြီး သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**မိခင် ဒေါ်အုံးခင်**

## အရွယ်မရောက်သေးသူ၏ ပစ္စည်းကို စီမံခန့်ခွဲရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့ အက်ဥပဒေ ပုဒ်မ-၂၉)**

**သဃ်န်းကျွန်းခရိုင်တရားရုံးတော်**

ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မြစံပယ်လမ်း၊ မြေကွက်အမှတ်(၃၃၇)၊ တိုက်အမှတ် (B-1)၊ အခန်းအမှတ် (B-5)၊ (၅) လွှာ၊ အလျား (၁၂) ပေခွဲ x အနံ (၄၁) ပေ အကျယ်အဝန်းရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်အသုံးပြုလျက်ရှိသည့် ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော ဒေါ်ချယ်ရီဦး (ဘ) ဦးစိုးသန်း ၁၂/မရက(နိုင်)၁၇၆၀၀၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးသူဇာဝင်း (ဘ) ဦးအေးသိုက် ၇/သကန(နိုင်)၁၀၈၁၁၆ တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိ ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ရဲကျော် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၁၂)**
**တိုက်အမှတ်(၄၀)၊ အခန်း(၃၁)၊ ရွှေအုန်းပင်အိမ်ရာ၊ ရန်ကင်း**
**ဖုန်း-၀၉-၄၃၂၀၄၇၄၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းအိအိဝင်း ၁၀/မလမ(နိုင်)၁၃၃၂၂၅ သည် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်း မြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၄၆/၅-က)ရှိ၊ (၁၂ ၁/၂x၅၀)ပေ (၅-လွှာ)တိုက်ခန်း(၁)ခန်းနှင့် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံး၊ ဆက်စပ်စာရွက်စာတမ်းအားလုံးတို့အား တရားဝင် ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဌေးနိုင် ၁၀/ပမန (နိုင်)၀၅၁၃၉၇ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နန်းအိအိဝင်း ၁၀/မလမ(နိုင်) ၁၃၃၂၂၅ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာ ပါပြီး (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်အတူ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်း အဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၃၃)**
**ဖုန်း-၀၉-၄၂၁၀၈၀၃၂၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/9341 NISSAN WINGRODA Y12 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအုန်းသန်း ၁၂/ဒလန(နိုင်)၁၁၁၀၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၇၉၈၅ ယာဉ်လက်ဝယ်ရှိသူ ဦးချိုလွင် ၁၀/မလမ(နိုင်)၃၁၉၉၈၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၂၁၄၀၇ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ချိုဦး ၁၀/မလမ(နိုင်)၁၇၉၅၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၈၉၇၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းထက် လင်းအောင် ၁၀/မလမ(နိုင်) ၃၀၆ ၇၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ဟ/၁၈၃၈ ယာဉ်လက်ဝယ်ရှိသူ ဦးဖေသိန်း ၁၀/ပမန(နိုင်)၀၆၄၃၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၆၂၅၉၀ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၁၀/ကမရ(နိုင်)၀၉၈၆၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၂၆၀၉ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်သက်ဝေ ၁၀/ရမန(နိုင်)၀၆၄၆၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/2219 Toyota TownAce KM75, Pick up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးနေဇော်သူ ၁၄/ပသန(နိုင်)၁၈၂၂၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်မင်္ဂလာ လမ်းသွယ်ရှိ အလျား ၅၅ ပေ x အနံ ပေ ၂၀ ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးခွန်ချိုဦး ၁၄/ရတန (နိုင်) ၁၁၀၆၀၈ ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် ကျွန်ုပ်မိတ်ဆွေမှ အရောင်းတန်ဖိုး၏ ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံ တိကျ ခိုင်လုံသော တရားဝင် စာရွက်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၁၀)**
**အမှတ်(၇၃၄)၊ ဗိုလ်တေဇလမ်း ဆယ်မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၆၇၀၁၇၀၀၆**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၆၇၇၃၂ ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၁၀/မလမ(နိုင်)၁၄၁၀၂၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ နန်းတော်ကုန်းအုပ်စု၊ နန်းတော်ကုန်းကျေးရွာတွင်ရှိသော ကွင်းအမှတ် (၁၉၃)၊ ဦးပိုင်အမှတ် (၉၆/၁)၊ မှော်ယားကွင်းရှိ " ဦးအုံးငွေ " အမည်ပေါက် လယ်မြေဧကအား ၇-၁၂- ၂၀၂၅ ရက်တွင် ဦးထူးမြတ်ဇော် ၁၄/ဇလန (နိုင်)၂၂၉၂၁၆ မှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လေးမွန်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၆၈၂)**
**ဖုန်း-၀၉-၄၂၂၅၅၇၀၀၀၊ ၀၉-၇၆၉၂၇၀၀၀၆**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၈၃၁၂၈ ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၁၀/မလမ(နိုင်)၁၄၁၀၂၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက် အမှတ် (ဆဆ-၈)၊ ဦးပိုင်အမှတ် (၇၅)၊ ဧရိယာ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်ထဲမှ အနောက်ဘက်ခြမ်း ဧရိယာ ပေ(၂၀x၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး (၂)ထပ်အဆောက်အအုံ၊ ရေ+မီး အစုံအလင် အပါအဝင် မြေပေါ်မြေအောက် နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ် အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ဇာဇာမြင့် (ဘ) ဦးဝင်းမြင့် ၉/ခမစ(နိုင်) ၀၄၅၇၉၄)၊ ဦးမြင့်နိုင် (ဘ) ဦးမြင့်အောင် ၉/ခမစ(နိုင်)၀၂၄၀၂၈၊ ဒေါ်ဌေးဌေးလှိုင် (ဘ)ဦးမောင်မောင် ၉/ခမစ(နိုင်)၀၂၄၁၂၆ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ အပြေ အကျေပေးချေ၍ လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။

အထက်ပါ ရောင်းချသည့် စလစ်မြေကွက်၏ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီ မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက် အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက သက်ဆိုင်ရာ ရုံးဌာနအသီးသီးတို့တွင် မြေပုံမြေရာဇဝင်ရေးဆွဲခြင်း၊ အိမ်ဆောက်မိန့် လျှောက်ထားခြင်းများကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသူထွန်း (စဉ်-၁၁၃၁၇)**
**တရားလွှတ်တော်ရှေ့နေ**
**၅၅လမ်း၊ ၁၀၈လမ်းထောင့်၊ ထွန်းတုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၅၁၁၁၂၂၃၊ ၀၉-၉၇၁၁၁၂၂၃**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ မင်းကြီးညို(၂၂) ရပ်ကွက်၊ အကွက်အမှတ်(၅/ အမေ့အိမ်)၊ ဦးပိုင်(၉၃/508) ဧရိယာ၀ ဒသမ ၁၁၀ ဧကအား ဒေါ်ဖြူဖြူ အောင် အမည်ဖြင့် သက်တမ်းတွင်း/ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက် အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက် ကျော်လွန်သည် အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ လျှောက်ထားလာ သော ဒေါ်ဖြူဖြူအောင်အား မြေငှား ဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့၊ အမှတ်(၃)အခြေခံပညာ မူလတန်းလွန်ကျောင်းမှ မဆုရွှန်းရတီ (G-3)၏ အမည်မှန်မှာ မဆုရွှန်းရတီထွန်း ဖြစ်ပါကြောင်း။

**မဆုရွှန်းရတီထွန်း**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/70415 ၏ အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/15470 Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီမိုးဝေ ၅/စကန(နိုင်)၂၂၀၅၉၃ က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/70415 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအေး ၉/ခမစ(နိုင်)၀၆၁၂၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/94041 New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဖူးငယ် ၉/မဟမ(နိုင်)၀၇၅၄၂၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၂၈၇၉၄ Jialing ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသိန်း ၉/မရတ(နိုင်)၀၆၇၉၃၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ကွင်း/အကွက်အမှတ်နှင့်အမည် (၇၀၊ ပမ္မတီးရွာအနောက်)၊ ဦးပိုင်အမှတ်(၅၆၈+၅၇၀/၂)၊ မြေဧရိယာ ၀ ဒသမ ၄၈၀ဧကရှိမြေကွက်သည် ရွှေနှလုံးတော် ဘုရားရှိခိုးကျောင်းအမည်ဖြင့် မြို့မြေခွန်စည်းကြပ်လျက် ရှိပါသည်။ ယခုအခါ အဆိုပါ မြေကွက်အား ယေဇူးရွှေနှလုံးတော်ဘုရားရှိခိုးကျောင်း အမည်ဖြင့် အခွန်လွတ်သာသနာဂရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ရက် (၃၀) ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## သာယာဝတီမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀

ဒေါ်သဲသဲသူ့သူ့ဇင် **နှင့်** ဦးမြတ်နိုးသူ
**တရားလို** **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သာယာဝတီမြို့၊ စံရွေးကျေးရွာအုပ်စု၊ စံရွေးကျေးရွာနေ တရားပြိုင် ဦးမြတ်နိုးသူ(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်တွင် တရားလိုက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်)မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(နိုင်အောင်ဝင်း)**

**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**သာယာဝတီမြို့နယ်တရားရုံး**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 62W/38234 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/1455 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/2046 BAJAJ 100 3Wheel Vehicle ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိမ့်သိမ့်ထွေး ၉/အမရ(နိုင်)၁၃၆၀၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/13628 Lonxuan 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာထွန်း ၉/ပကခ(နိုင်)၀၄၀၄၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/44956 Honda Alpha 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဇင်ဦး ၂/လကန(နိုင်)၀၉၇၇၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/15931 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းပို ၉/ခမစ(နိုင်)၀၀၈၃၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့်စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ် အပ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ/ ပရီမီယံဒီဇယ်ဆီ/ ဓာတ်ဆီ | ၅၃၀၀၀၀/ ၇၉၀၀၀/ ၄၀၀၀၀ ဂါလန် |
| (ခ) | တာယာ(၃)မျိုး၊ ဘက်ထရီ(၅)မျိုး | ၄၆/ ၄၉ လုံး |
| (ဂ) | သံချောင်းလုံးအရွယ်စုံ | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၁၂-၂၀၂၅ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၃-၁၂-၂၀၂၅ရက်၊ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း- ၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀H², ၊ မြေကွက်အမှတ်-III၃၇၊ ဧရိယာ၀ ဒသမ ၀၃၃ဧကအကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၆လမ်း၊ အမှတ်(၁၂၂)ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တီဂွမ်ဟီ ၁၂/ဗတထ(နိုင်)၀၂၄၇၁၇ သည် လျောင်ကီလွမ်း ၁၂/ပဇတ(နိုင်)၀၁၁၅၂၆ နှင့် ဒေါ်အေးအေးရီ (ခ) မတျောင်ဘီဗုက် ၁၂/ကမတ(နိုင်)၀၄၈၂၄၉ တို့ထံမှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အဆောက်အအုံတို့အား ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်သဘောတူ ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်း၊ တစ်နည်းနည်းဖြင့် အလွှဲအပြောင်းပြုလုပ်ခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်မောင်သူရ (မြောင်းမြ)**
**LL.B, A.G.T.I (EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**အမှတ်-၁၄၇၊ ဒုတိယထပ်၊ လမ်း-၅၀ (အထက်)၊ ၁၀-ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၅၁ ၈၄၀၄၂ ၊ ၀၉-၇၉ ၅၁၈၄၀၄၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်ငြိမ်းအောင်လမ်း၊ အမှတ် ၉/၄၄၊ ၄၆၊၄၇ ဟုခေါ်တွင်သော (အလျားx အနံ)မှာ အရှေ့ဘက် (ခြံ၏အနောက်) ၅၅ ပေ ၇ လက်မ၊ အနောက်ဘက် (ခြံ၏အရှေ့) ၂၆ပေ ၅ လက်မ၊ တောင်ဘက် ၉၄ ပေ ၇ လက်မ၊ မြောက်ဘက် ၉၅ ပေ ၅ လက်မ အကျယ်အဝန်းရှိသော မြေကွက်များနှင့် အကျိုးခံစားခွင့် အားလုံးတို့အား လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးဇေယျာဦး ၁၂/အစန(နိုင်)၀၆၂၁၈၁နှင့် ဒေါ်စီစီမာ ၁၂/စခန(နိုင်)၀၂၀၆၆၂ တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်နီနီထွေး၁၂/အစန(နိုင်)၁၉၅၉၃၄က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီနီထွေး ၁၂/အစန(နိုင်)၁၉၅၉၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုမြတ်မွန်(LL.B)** | **ဒေါ်ဇာခြည်ဆွေ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၅၂၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၅၃၀)** |

**အမှတ်(၄၉၃)၊ ပထမထပ်၊ အခန်း(၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း -၀၉- ၄၂၀၁၄၄၇၄၁၊ ၀၉ - ၄၂၀၀၀၇၈၄၆**

## အများသိစေရန်ကြော်ငြာ

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊ မိဂသီ(၁၉)လမ်း၊ အမှတ် (၂၆၇) အိမ်မြေနှင့်ပတ်သက်၍**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၇)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၄၂၉-B)နေ ဒေါ်အေးလှ ၁၂/သဃက(နိုင်)၀၃၄၄၁၆ နှင့် ဦးမြမောင် ၇/တငန(နိုင်)၁၇၆၆၇၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

အထက်ဖော်ပြပါနေအိမ်နှင့် ပတ်သက်၍ လွှဲအပ်ကြေညာသူများ၏ အစ်မဖြစ်သူဒေါ်သိန်းနုအမည်ပေါက်ပိုင်ဆိုင်ပြီးယခုအခါ ဒေါ်သိန်းနု၏ အမွေခံများအဖြစ် ဒေါ်မိုးမိုး (၎င်း၏ချွေးမ)နှင့် မြေးဖြစ်သူ (ဒေါ်မိုးမိုး၏တူ) ဦးသန်းထူးစံ(ခ)တူးတူး တို့ အမွေခံများအဖြစ် ကျန်ရစ်ခဲ့ပြီး ဦးသန်းထူးစံ (ခ) တူးတူးမှာ နိုင်ငံရပ်ခြားတွင် အလုပ်အကိုင်ဖြင့် အလုပ်လုပ်ကိုင်နေသူဖြစ်သဖြင့် လွှဲအပ်ကြေညာသူများမှ- ဦးသန်းထူးစံ (ခ) တူးတူး နိုင်ငံရပ်ခြားတွင် အလုပ်လုပ်နေစဉ် အထက်ဖော်ပြပါနေအိမ်အား ဦးသန်းထူးစံ(ခ)တူးတူး နိုင်ငံရပ်ခြားမှ ပြန်မရောက်ခင်အထိ လုံးဝရောင်းချခြင်းမပြုရန် ၁၉-၉-၂၀၂၅ရက်တွင် ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းဆွေးနွေးချက်များအရ လွှဲအပ်ကြေညာသူများနှင့် ဒေါ်မိုးမိုး၃/တကရ(နိုင်)၁၁၄၁၅၀တို့၏ မှတ်တမ်းထားရှိချက်တို့တွင် အထက်ဖော်ပြပါ နေအိမ်နှင့် ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်ကြဲခြင်းများ မပြုလုပ်ကြရန်သဘောတူညီချက်များကို မှတ်တမ်းတင်ထားခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အချင်းဖြစ်နေအိမ်အား ဦးသန်းထူးစံ(ခ)တူးတူး နိုင်ငံရပ်ခြားအလုပ်မှ ပြန်မလာခင်အထိရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုလုပ်ပါရန်နှင့် အကယ်၍ အများသိစေရန် ကြေညာချက်အား ချိုးဖောက်၍ ဥပဒေမဲ့ကိုယ်စားလက်မှတ်ရေးထိုးခြင်း၊ ပိုင်ဆိုင်ကြောင်း ကြေညာခြင်းတို့ကို ပြုလုပ်ရောင်းချမည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစောကျော်စွာထွဋ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၀၀၁)**
**တိုက်(၉/၁၁)၊မြေညီထပ် (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## အခြေခံပညာဦးစီးဌာန
## ပြည်နယ်ပညာရေးမှူးရုံး
## မွန်ပြည်နယ်-မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်၊ အခြေပညာဦးစီးဌာန "အထွေထွေပိုလျှံရန်ပုံငွေ(GRF)" ဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း(၇) ခု စာသင်ကျောင်းဆောင်များ၊ စာကြည့်တိုက်များ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသဖြင့် မွန်ပြည်နယ်ပညာရေးမှူးရုံး၊မော်လမြိုင်မြို့၌ အိတ်ဖွင့်တင်ဒါပုံစံများဝယ်ယူ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို မွန်ပြည်နယ်ပညာရေးမှူးရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၀- ၁၂-၂၀၂၅ရက်

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၁၂-၂၀၂၅ရက်၊ မွန်းလွဲ(၄:၃၀)နာရီ

(ဂ) **တင်ဒါဝယ်ယူရမည့်နေရာ** - ပြည်နယ်ပညာရေးမှူးရုံး၊ မွန်ပြည်နယ်

(ဃ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

(က) **မွန်ပြည်နယ်ပညာရေးမှူးရုံး ဖုန်း-၀၅၇-၂၇၂၆၄**

**တင်ဒါခေါ်ယူရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၈-လမ်း၊ အမှတ်-၂၇၊ ၈-လွှာ(ယာ) နေ ဒေါ်စန်းရီ(ခ)ဒေါ်နိုရာဘီ(ခ)မကျဉ်းတန် (ISN-၁၃၃၃၃၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (အကွက်အမှတ်-၅၂၊ ၁၉၆၀-၆၁ ခုနှစ်၊ ဦးပိုင်အမှတ် ၂၂/ဓ၊ ဧရိယာ ၀ ဒသမ ၀၆၆ဧက၊ (က)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၇)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေပေါ်ရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး နှစ်ထပ်အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်စန်းရီ(ခ)ဒေါ်နိုရာဘီ(ခ)မကျဉ်းတန် တစ်ဦးတည်းသာလျှင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ အလုံးစုံစီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဖြစ်ပါသည်။

အထက်ပါ မြေကွက်နှင့်အိမ်အဆောက်အအုံ နှင့်စပ်လျဉ်း၍ ဒေါ်စန်းရီ(ခ)ဒေါ်နိုရာဘီ(ခ)မကျဉ်းတန်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦး တစ်ယောက်ကမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းတို့ ပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်စန်းရီ** | **ဦးသက်ဇော် LL.B, D.B.L, D.M.L** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၇၈/၂၀၁၆)** |
| | **အမှတ်-၅၆၅၊ ပထမထပ်၊ (M A C Tower)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း-၀၉-၂၆၄၂၄၃၂၉၇** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ထိန်နှစ်ပင်ကျေးရွာအုပ်စု၊ ရွာသစ်ကြီးကျေးရွာ၊ အိမ်အမှတ်(၁၇၆)ဟု ခေါ်တွင်သော ပေ(၂၉x၇၀)ရှိ ရွာမြေကွက်သည် ဦးသိန်းထွန်း ၁၂/ထတပ(နိုင်)၀၆၉၉၅၄ မှ တရားဝင်ပိုင်ဆိုင်သူဖြစ်၍ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းပြောဆိုသဖြင့် ဦးအောင်ကိုထွေး ၇/ပကန(နိုင်)၁၀၆၂၃၇မှ ဝယ်ယူထားပြီး စရန်ငွေအချို့အား ပေးချေထားပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် (၁)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးအောင်ကိုထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူသွင် (LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၀၈/၃၀-၄-၂၀၁၃) ၊ ၇၈၃(ခ)၊ ထော်ပိုင်လမ်း၊ (၁၁)ရပ်ကွက်၊ ရွှေပြည်သာမြို့၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၁၅၇၄၅၀**

## အမည်ပြောင်း

ဦးမြင့်အောင်၏ သမီးစစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မင်္ဂလာဥယျာဉ် ရပ်ကွက်၊ နယ်မြေ(၂)နေ မထွေးအိကျော် ၅/ကလထ(နိုင်)၂၅၀၆၃၁ အား မနန်းသဇင်တင်ဟု ပြောင်းလဲခေါ်ပါရန်။

**မနန်းသဇင်တင်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အထက(၁)၊ Grade-10တန်းမှ မအင်ကြင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးပြည့်ဇော်ဝင်း ၅/မရန(နိုင်)၂၁၆၆၉၆ ဖြစ်ပါကြောင်း။

**ဦးပြည့်ဇော်ဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/56532 Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းနိုင် ၅/မမတ(နိုင်)၀၀၀၉၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/8142 Toyota Caldina IIT241 Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်ဦး ၁၂/အစန(နိုင်)၁၆၇၇၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယိကာမကြီး**

**ဒေါ်အေးကြည်(သုံးခွ)**

**အသက်(၉၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြခွာညို(ယုဇန)အိမ်ရာ၊ ရောဝဏ်(၁)လမ်း၊ တိုက်(၆)၊ အခန်း(၁)နေ (ဦးစိန်ဘွဲ့ - ဒေါ်သောင်း)တို့၏သမီး၊ (ဦးလှမောင်)၏ဇနီး၊ ဦးအုန်းသောင် - ဒေါ်ခင်သန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး(ငြိမ်း) - ဒေါ်ခင်မြဦး၊ ဒေါ်ငွေရည်၊ ဦးတင်ဝင်း(စ.စ.စ-ငြိမ်း)-ဒေါ်အေးအေးမော်၊ ဒေါ်ရွှေရည်၊ ဦးသိန်းအေး(လ/ထ ညွှန်မှူး - ဆ - မ)-ဒေါ်စံပယ်ဖြူ၊ ဦးမြတ်သိန်းထွေး- ဒေါ်ဇော်မေထွန်း တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး (၁၅)ယောက်၊ မြစ် (၄)ယောက်တို့၏ ဘွားဘွားကြီးဖြစ်သူ ဒေါ်အေးကြည်(သုံးခွ) သည် ၇-၁၂-၂၀၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၃၅ နာရီချိန်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း ဖော်ပြအပ်ပါသည်။

ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

## ဗိုလ်ကြီးရဲမြင့် (ငြိမ်း)

**ကြည်း-၁၂၈၇၀၊ တေဇ-၁**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁) ရပ်ကွက်၊ လှိုင်သီရိ (၁)လမ်း၊ အမှတ်(၇၃၄) နေ (ဦးဟန်သိန်း-ဒေါ်ဂွမ်း)တို့၏သား၊ ဒေါ်မော်လီဆန်၏ ခင်ပွန်း၊ ဦးငြိမ်းချမ်းထက်-ဒေါ်ဇင်မာအောင်၊ ဦးအောင်ရဲကျော်- ဒေါ်ဟိန်းဇာဇာထက်၊ ဦးအောင်ဖြိုးငြိမ်း-ဒေါ်မို့မို့ကျော်တို့၏ ဖခင်၊ မနန်းထက်ထက်လှိုင်၊ မောင်စိုင်းဇော်လင်းထက်၊ မောင်စိုင်းဥာဏ်လင်းထက်၊ မခွန်းဆင့်အောင်၊ မဖြိုးရွှေစင်မင်းတို့၏အဘိုးသည် ၈-၁၂-၂၀၂၅ ရက်(တနင်္လာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၀-၁၂-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၂-၂၀၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးရဲမြင့် (ငြိမ်း)**

**ကြည်း-၁၂၈၇၀၊ တေဇ(၁)**

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံ၊ (၃၁)ရပ်ကွက်၊ အိမ်အမှတ် ၇၃၄၊ လှိုင်သီရိ(၁)လမ်းနှင့် တာမွေကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်း၊ တိုက် ၂၈၊ အခန်း (၈/ဘီ)နေ ဒေါ်မော်လီဆန်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးရဲမြင့် (ငြိမ်း)သည် ၈-၁၂-၂၀၂၅ ရက် နံနက် (၁)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၁) သူငယ်ချင်းများနှင့်
မိသားစုများ

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၁ နှင့် ၅)**

**တောင်ကြီးမြို့နယ်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၅**

| | | |
|---|---|---|
| ဒေါ်ရွှေဝါထွန်း | နှင့် | ဦးသန်းမောင် |
| (တရားလို) | | (တရားပြိုင်) |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ နောင်အင်မြောက်ရွာနေ ဦးသန်းမောင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ရွှေဝါထွန်းက အိမ်ခြံမြေကွက် အရောင်းအဝယ်စာချုပ်အားမှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းအောင်မြင့်ဦး)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 82W/99843 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးကြည် (သုံးခွ)**

**အသက်(၉၅)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး(ငြိမ်း)-ဒေါ်ခင်မြဦး တို့၏မိခင် ဒေါ်အေးကြည်(သုံးခွ)သည် ၇-၁၂-၂၀၂၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။

သူရ ဦးမြင့်မောင်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
ဇနီး ဒေါ်အေးအေးထွန်း

## ဦးကျော်အေး (စစ်တွေ)

**B.Com(R.A)-67**

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**သတ္တုတွင်းဝန်ကြီးဌာန**

**အသက်(၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၃)၊ အောင်မြေလမ်း၊ တောင်လုံးပြန်ရပ်ကွက်နေ (ဦးကျော်ဦး-ဒေါ်မြမေ)တို့၏ သားထွေး၊ ဒေါ်တင်တင်ဝင်း (ငွေစာရင်းအရာရှိ၊ ငြိမ်း)(က.ပ.ရ)၏ခင်ပွန်း၊ ဒေါ်သန်းသန်းဝင်း(ငွေစာရင်းဌာန-ငြိမ်း)၏အစ်ကို၊ Captain ကိုကိုဟိန်း(J.S.M Shipping Co.,Ltd)-Dr. ခင်စိုးစိုး (ရန်ကုန်ကလေးဆေးရုံကြီး)၊ ဦးကိုကိုလတ်(E-4)ညောင်ပင်လေးဈေး၊ ဦးကိုကိုမြတ်-ဒေါ်ကြည်သာထွန်း(ခေတ္တ-စင်ကာပူ) တို့၏ မွေးသဖခင်၊ မောင်မိုးသောက်ကိုကို၊ မောင်ဇေယျထက်ကို၊ မောင်ဖြိုးကိုကိုသန့် တို့၏အဘိုး ဦးကျော်အေး (အသက်(၇၉)နှစ်)သည် ၇-၁၂-၂၀၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးဇော်မင်း (BE.Mechanical)**

**အထွေထွေမန်နေဂျာ၊ မြန်မာ့ဂုဏ်လျှော်(ငြိမ်း)**

**အသက်(၇၉)နှစ်**

မင်းရှင်စောကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် (CEO) ဦးကျော်ဇောဝင်း-ဒေါ်ထားထားဇော်တို့၏ ဖခင် ဦးဇော်မင်းသည် ၆-၁၂-၂၀၂၅ ရက် နံနက် (၁) နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ မင်းရှင်စောမိသားစုမှလည်း အထူးဝမ်းနည်းကြေကွဲရပါသည်။ မြင့်မြတ်သော ကောင်းရာ သုဂတိဘုံဘဝလားပါစေဟု ဆုမွန်ကောင်းတောင်းပါသည်။

မင်းရှင်စောကုမ္ပဏီဝန်ထမ်းမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာ(၃)မိုင်မြို့၊ အမှတ် (၃) ရပ်ကွက်၊ သရဖီလမ်း၊ မြေကွက်အမှတ်(၄၂၅၆)၊ မြေကွက်အတိုင်းအတာ-အလျား (၄၀) x အနံ (၆၀) ပေ မြေကွက်ဧရိယာ (၀ ဒသမ ၀၅၅)ကေရှိ မြေကို ဒေါ်စိုးစိုးသန်း အမည်မြေပေးမိန့်ဖြင့်(၃)မိုင်မြို့ကွက်သစ်ချထားရေးကော်မတီမှ နေရာချပေးထားရှိခဲ့ပါသည်။ မြေပေးမိန့်ဖြင့် မြေကွက်ရရှိထားသော ဇနီး ဒေါ်စိုးစိုးသန်းသည် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ခင်ပွန်းဖြစ်သူ ဦးကျော်ဦး (၅၃)နှစ် (ဘ) ဦးထွန်းရှင် ၁၄/လပတ(နိုင်)၀၂၂၅၅၆ မှ ဇနီး အမည်ပေါက်မြေပေးမိန့် ရရှိထားသော မြေကွက်အား မိမိအမည်ဖြင့် ပြောင်းလဲလျှောက်ထားရယူမည် ဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ဤသတင်းစာ ကြေညာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်မှုမရှိပါက သက်ဆိုင်ရာတွင် အမည်ပြောင်းလျှောက်ထားရယူခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဖြိုး(Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၂၁)(၂၈-၂-၂၀၁၇)**
**အမှတ်(၄/၁၀) ကျန်စစ်သားလမ်း၊ လပွတ္တာမြို့၊**
**ဖုန်း-၀၉-၂၆၀၁၉၁၂၇၁၊ ၀၉-၆၉၄၅၅၅၇၇၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်(၂၆၈-ခ)ဟုခေါ်တွင်သော အလျား(၂၀)ပေ x အနံ (၆၀)ပေရှိ အိမ်မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသည့် ဒေါ်ကြည်ကြည်ဝင်း ၁၄/ဇလန(နိုင်)၀၀၁၃၉၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သည့် ဒေါ်မိုးပပသဲ ၁၂/ဥကမ(နိုင်)၂၃၄၂၀၂ က ဝယ်ယူရန်အတွက် အိမ်မြေရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေ ခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်နှင်းပွင့်လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၄)**
**အမှတ်(၃၃၀)၊ ဥဇ္ဇနာ(၆)လမ်း၊ (ဓ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၉၃၂၈၇**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

**ဦးစိတ္တရ**

**ကမ္ဘာအေးစွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်**

**သိက္ခာတော်(၃၁)ဝါ၊ သက်တော်(၉၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဆရာတော်ကြီးများဖြစ်သော ဘဒ္ဒန္တ ဉူးဝိနယနှင့် ဘဒ္ဒန္တ ဉူးဝရတို့အား ဥပဇ္ဈယ်ပြုပြီး ကျောင်းထိုင်ဆရာတော် ဉူးပညာဝံသ၊ တိုက်အုပ်ဆရာတော်ဉူးဇဝန တို့အား အမှူးထား၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက်ပန်းညိုကျေးရွာနေ ဦးအောင်ပွင့်-ဒေါ်စိန်တို့၏ သားသမက်၊ ဦးမောင်ဉာဏ်-(ဒေါ်စိန်မြ)တို့၏ ညီ/မောင်၊ ပဲခူးမြို့နယ်နေ ဒေါ်တင်မြင့်၊ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နေ ဦးကျော်သန်း-ဒေါ်မာရီကျော်၊ ဝေါမြို့နယ်၊ ဖိုးစပါယ်ရွာနေ (ဦးမောင်မြင့်စိုး)-ဒေါ်ကြည်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်နေ (ဦးမြတ်မင်းသိန်း)-ဒေါ်မြင့်မြင့်ဌေးတို့၏ အစ်ကို၊ အထက်ပန်းညိုရွာနေ ဒေါ်ခင်ဌေး၏ ဦးလေး၊ ဝေါမြို့နယ်၊ ဖိုးစပါယ်ရွာနေ ဦးဝင်းနိုင်ဦး-ဒေါ်သန်းနွယ်၊ ဦးကျော်နိုင်-ဒေါ်လေးလေးမာ၊ ဦးဇော်မင်းနိုင်-ဒေါ်ဖြူ၊ ဦးသန့်ဇင်အောင်-ဒေါ်ခင်လေးမြင့်၊ ဦးမျိုးသူရ- ဒေါ်စန်းမြင့်ခိုင်၊ ဦးအောင်ကိုလတ်-ဒေါ်မငယ်၊ ဦးရန်နောင်စိုး၊ ဦးမောင်ထိုက်- ဒေါ်မိုးမိုးလွင်တို့၏ ဖခင်၊ မြေး/မြစ် (၁၇)ယောက်တို့၏ အဘိုး၊ ဒါယိကာမကြီး ဒေါ်တင်အေး၏ (ခင်ပွန်း) ဉူးစိတ္တရ သိက္ခာတော်(၃၁)ဝါ၊ သက်တော်(၉၃)နှစ်သည် ၇-၁၂-၂၀၂၅ (တနင်္ဂနွေနေ့) (ကောဇာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်)၊ ညနေ ၃:၁၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သဖြင့် ဥတုဇရုပ်ကလာပ်တော်အား ၈-၁၂-၂၀၂၅ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ဆရာတော်အားရည်စူး၍ ၁၃-၁၂-၂၀၂၅ ရက်နေ့၌ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ဈာပနကျင်းပရေးကော်မတီ

## ကျေးဇူးတင်လွှာ

**ဟာဂျီမဒေါ်ဟလီမာ(ခ)ဟာဂျီမဒေါ်ခင်ခင်အေး**

**သံတွဲမြို့**

**အသက်(၇၂)နှစ်**

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ အမှတ်(၃)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း နေ ဟေမာယတွလ် အစ္စလာမ် အသင်းနှင့် မြန်မာအာရဗီသိပ္ပံ တည်ထောင်သူ ကျောင်းအုပ်ကြီး [အလ်ဟာဂျ်ရှိက်ခွလ်ဟဒီးဆ်အလ္လာမဟ် မောင်လာနာနေဇ္ဇာမွဒ္ဒင် (မာဟီအလ်ဗေ့ဒအတ်)-ဟာဂျီမဒေါ်စိန်ဒွေး]တို့၏သမီးကြီး၊ ဆရာဦးကျော်ထွေး (အယ်ဒီတာချုပ်၊ ဥယျာဉ်မှူးအစ္စလာမ်ဘာသာရေးမဂ္ဂဇင်း)၏ ချစ်လှစွာသောဇနီး၊ (ဦးကရီမွဒ္ဒင်(ခ) ဦးသိန်းမောင်)-ဒေါ်မကြီး၊ ဟေမာယတွလ်အစ္စလာမ်၊ မြန်မာအာရဗီသိပ္ပံနှင့်ဥယျာဉ်မှူးအစ္စလာမ့်ပညာရေး သုတေသနအဖွဲ့ တို့၏ ဦးသျှောင်အမီးရ်နူရွဒ္ဒင် ဦးခင်မောင်-ဆရာမ ဒေါ်ရီရီဦးတို့၏ အစ်မကြီး၊ ကိုဇော်ဇော်ဝင်း-မသီမ့်သီရိမောင်၊ မခင်ဆုပြည့်၊ ဒေါက်တာခင်ချမ်းမြေ့၊ ဒေါက်တာထူးသန့်လင်းတို့၏ ချစ်လှစွာသော အရီးမမ၊ မလင်းရတီဇော်၏ ဘွားဘွားကြီး သည် ၃-၁၂-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့၌ အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၄-၁၂-၂၀၂၅ ရက် (ကြာသပတေးနေ့) ဇဟိုရ်ဆွလာတ်အပြီးတွင် သန်လျင်မြို့ ငါးပါးသခင်ဒရ်ဂါ ကဘရ်စတန်ဥယျာဉ်တော်၌ ဒဖ်နပြုလုပ်ပြီး ဖြစ်ပါသည်။

ဟာဂျီမ ဒေါ်ဟလီမာ(ခ)ဟာဂျီမဒေါ်ခင်ခင်အေး နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက် ကုသပေးခဲ့ကြပါသော ပါမောက္ခဒေါက်တာ ဒေါ်တိုးစန္ဒာ၊ ပါမောက္ခ ဒေါက်တာ ဒေါ်ယဉ်သူဝင်း၊ အထွေထွေသမားတော် ဒေါက်တာဒေါ်ချိုချိုခိုင်နှင့် ဗဟိုစည်ဆေးရုံမှ တာဝန်ကျဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ အဝေးရောက် ဆွေမျိုးဆရာဝန်များကိုယ်စား တာဝန်ယူစောင့်ရှောက်ပေးခဲ့ပါသော မိသားစုဆရာဝန် ဒေါက်တာသီတာ၊ မေတ္တာဖြင့် အနီးကပ်ပြုစုစောင့်ရှောက်ခဲ့ကြသူများ၊ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း၊ လူမှုကွန်ရက်များမှဖြစ်စေ အားပေးသတင်း မေးကြသူများ၊ လွမ်းသူ့ပန်းခြင်းပေးပို့ကြသူများ၊ နာရေးကြိုပို့ယာဉ်(၁၁)စီးကို မေတ္တာဖြင့် စီစဉ်ပို့ဆောင်ပေးပါသော ဦးကိုကိုနိုင်မိသားစု၊ နာရေးသို့ လိုက်ပါပို့ဆောင်ကြသူများနှင့် ဆုတောင်းကုသိုလ်ပြုပေးကြပါသော ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်း မှတ်တမ်းပြုဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့၊ ရပ်ကွက်(၃)၊ အကွက်(၆၉)၊ အကွက်အမည် (အရှေ့ဗိုလ်ကုန်း)၊ ဦးပိုင်အမှတ်(၁၃/၁၅)၊ မြေကွက်အမှတ်(၅၇/၇၃)၊ ဧရိယာ (၀.၆၂၀) ခန့်အတွင်းမှ ပေအကျယ် တစ်စိတ်တစ်ဒေသအား မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းအိ ၁၃/ကလန(နိုင်)၀၅၉၉၂၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးဇာဦး (၁၄/ဒဒရ(နိုင်)၀၀၁၅၁၆) နှင့် ဒေါ်အိအိမိုး (၈/စလန(နိုင်)၀၆၉၂၈၉) တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးဇာဦး၏ လွှဲအပ်ချက်အရ-**
**ဒေါ်ယွန်းရွှေစင်သန့်**
**(အထက်တန်းရှေ့နေ)(စဉ်-၅၅၆၆၉)**
**ရပ်ကွက်(၃)၊ သဇင်လမ်း၊ ကလောမြို့၊ ဖုန်း-၀၉- ၇၈၅၇၁၁၁၃၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၃)၊ စက်မှုလယ်ယာ(၂)လမ်း၊ မြေကွက်အမှတ်(၃၆)၊ မြေအကျယ် အဝန်း(၂၀ပေx၆၀ပေ)၊ မြေကွက်အမှတ်(၃၅)နှင့် ကပ်လျက်ဘက်ခြမ်းရှိ နှစ်(၆၀) မြေငှားဂရန်သက်တမ်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၊ အစရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်သန်းသန်း(ဘ)ဦးဘရှင် (ISN-၀၇၁၂၈၉)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး ယင်းအမည်ပေါက်ထံမှ ယခုရောင်းချသူ ဦးစံလှိုင်မင်း ၉/မသန(နိုင်) ၀၈၀၅၄၉ က အရှုပ်အရှင်းကင်းစွာဖြင့် တစ်ဦးတည်းပိုင်ဆိုင်ကြောင်းနှင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင့်ထက်ထက်အောင် ၁၂/ဥကတ(နိုင်)၁၇၆၃၂၂ နှင့် ဒေါ်ခိုင်စုလင်း ၁၂/ဗတထ(နိုင်)၀၄၀၁၉၀တို့သည် ဖော်ပြပါ မြေနှင့်အိမ်အား အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုး၏ငွေအချို့ကို စရန်ငွေအဖြစ် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အပေါ်တွင် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤမြေနှင့် အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝေဖြိုး(LL.B,DBL,DML,DIPL, WIPO SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၀၁/၂၁-၁၂-၂၀၂၀)**
**အမှတ် (၇၉၁)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၁၆၁၂၈၊ Email-hwp.associates@gmail.com**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/97363,Keeto 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလင်းထက် ၉/ငဇန(နိုင်) ၁၁၆၆၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ ဇမ္ဗူမဏ္ဍိုင်လမ်း၊ အမှတ်(၁၇)နေ (ဘ) ဦးအောင်မြင့်ကို TGKN ၀၆၈၀၁၇ -(မိ) ဒေါ်လှမြင့် ၁၂/သဃက(နိုင်)၂၁၀၉၂၀ တို့၏သားဖြစ်သူ မောင်ရှိုင်းကိုကိုလွင်အား မောင်ရှိုင်းထက်အောင် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရှိုင်းထက်အောင်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/38560, Honda Click- 125. ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလွင် ၁၄/ပသန(နိုင်) ၁၂၆၉၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

❖ အတန်းပညာကောင်းမွန်မှသာလျှင် အတတ်ပညာများသင်ယူရာ၌ ပိုမိုလွယ်ကူနိုင်မည်ဖြစ် ...

❖ ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် နောင်တစ်ချိန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး နိုင်ငံ၏အနာဂတ်အတွက် စိတ်ချရအောင် ပညာရေးကို စနစ်တကျဖြင့် အလေးပေးဆောင်ရွက်သွားကြရမည်ဖြစ် ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေး

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်မဲပေးနိုင်ရန် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး(၅၀) တို့တွင် သတ်မှတ်ရက်များအလိုက် မဲရုံများဖွင့်လှစ်၍ ကြိုတင်ဆန္ဒမဲပေးခြင်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်အထိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး (၄၁)ရုံးတို့တွင် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၈ ကော်လံ ၄* ❏



နယူးဒေလီမြို့ရှိ မြန်မာသံရုံး၌ ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်တွင် မြန်မာအမျိုးသမီးဘောလုံးအသင်းက မလေးရှားအမျိုးသမီးဘောလုံးအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိ



မြန်မာအမျိုးသမီးဘောလုံးအသင်းမှ ရှေ့တန်းတိုက်စစ်မှူး မေထက်လူ မလေးရှားအမျိုးသမီးအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်နေမှုကို တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၈

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်တွင် မြန်မာအသင်းအတွက် ဒုတိယပွဲစဉ်အဖြစ် မြန်မာအမျိုးသမီး ဘောလုံးအသင်းနှင့် မလေးရှားအမျိုးသမီး ဘောလုံးအသင်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ချောင်ဘူရီမြို့ရှိ TNSU Chonburi Stadium (Chonburi) ၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီးဘောလုံးအသင်းက မလေးရှား အမျိုးသမီးဘောလုံးအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး

*စာမျက်နှာ ၈ ကော်လံ ၁* ❖

### ယနေ့ သတင်းအညွှန်း


တက်စလာရှယ်ဟိုင်းကုမ္ပဏီက လေးသန်းမြောက် မော်တော်ယာဉ်ထုတ်လုပ်ပြီး မှတ်တိုင်သစ် စိုက်ထူ — နိုင်ငံတကာသတင်း စာ ၁၄

KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီး၊ မြဝတီမြို့အနီး၌ တရားမဝင်ပြည်ပနိုင်ငံ သား ၃၂ ဦး ထပ်မံဖမ်းဆီးရမိ — ပြည်တွင်းသတင်း စာ ၁၅

စပိန်လာလီဂါပွဲစဉ်(၁၅)တွင် ရီးရဲမက်ဒရစ်အသင်း ရှုံးနိမ့်ပြီး အက်စ်ပန်ညိုအသင်း အနိုင်ရ — ပြည်တွင်းသတင်း စာ ၁၅

ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ — ပြည်တွင်းသတင်း စာ ၂၀